# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁၄)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၁၈-၁၀-၂၀၂၄၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ယနေ့ ဖတ်စရာ အညွှန်း


ပေါ့ပလာပင်ငယ်များ ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို စမ်းသပ် သိရှိနိုင်ပြီး ကွေးကောက်နေသော ပင်စည်များကို ပြန်လည် ဖြောင့်မတ်နိုင်

စာမျက်နှာ ၇

ဘုရင် ကားလ် ၁၆ ဆက်မြောက် ဂူးစတပ်ဖ်၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတ သာမန်ရှမ်းမူဂရတ်နမ် ဆွီဒင်သို့ သွားရောက်မည်

စာမျက်နှာ ၈

ဂျေဒန်ဆန်ချိုကို ခေါ်ယူရန် ဂီတာပေးအသင်း ကမ်းလှမ်း

စာမျက်နှာ ၁၁

ခြေလှမ်းသစ်များ(ဝတ္ထုတို)

စာမျက်နှာ ၁၄


## ဒုတိယသမ္မတ ဦးညိုစော တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

ဒုတိယသမ္မတ ဦးညိုစောသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs)

စာမျက်နှာ ၃ သို့ ❖



ဒုတိယသမ္မတ ဦးညိုစော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ရွှေဥဩထားဝယ်ရိုးရာ ရက်ကန်းစက်ရုံ၏ ထားဝယ်ရိုးရာ လုံချည်အမျိုးမျိုးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ဈေးကွက်ဝင် ငှက်ပျောသီးနှံများ ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် အနောက်ရေဖျားတော ကျေးရွာတောင်သူများ အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး သီးနှံများ စိုက်ပျိုးရာတွင် မြေအောက်ရေနှင့် မိုးရေကိုသာ အဓိကထားစိုက်ကြရာ ယခုအခါ ဈေးကွက်ဝင် ငှက်ပျောသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ငှက်ပျောသီးနှံစိုက်ပျိုးခြင်းသည် အလုပ်သမားရှားပါးခြင်းနှင့် သွင်းအားစုမြင့်မားခြင်းများ မရှိသောကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးလာကြောင်း၊ ငှက်ပျောစိုက်တောင်သူများထံမှ သိရပြီး ငှက်ပျောစိုက်ရာတွင် တစ်ပင်ချင်းစိုက်(တစ်ပင်တန်း)နှင့် နှစ်ပင်တွဲ (စွယ်စုံ)စိုက်ပျိုးခြင်းဟူ၍ အတန်းလိုက်စိုက်ပျိုးကြကြောင်း၊ တစ်ပင်တန်းစိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့် တစ်ပင်၊ တစ်တန်းနှင့် တစ်တန်း ရှစ်ပေအကွာ စိုက်ပျိုးကြပြီး၊ နှစ်ပင်တန်း(စွယ်စုံ)စိုက်ပျိုးမည်ဆိုပါက အတန်းကြား ၁၀ ပေခန့်အကွာ စိုက်ပျိုးကြကြောင်းနှင့် ငှက်ပျောသီးနှံသည် စိုက်ပျိုးပြီး ရှစ်လအကြာတွင် အဖူးများ ထွက်ရှိပြီး ၁၂လအကြာတွင် စတင်ခုတ်ရောင်းရကြောင်း၊ နှစ်ပင်တန်း(စွယ်စုံ) ငှက်ပျော တစ်ဧက စိုက်ပျိုးမည်ဆိုပါက အပင်ရေ ၈၀၀ ခန့် ဝင်ဆံ့ကြောင်း၊ ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ မျိုးဖိုး (ငှက်ပျော စို့အပင်ငယ်)နှင့် စိုက်စရိတ် အပါအဝင် ရေတင်ခြင်း၊ မြေဩဇာ အသုံးပြုခြင်း၊ အသီးများ ရောင်းချပြီး ပင်စည်ခုတ်လှဲရှင်းလင်းခြင်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ရောင်းချရမှုအနေဖြင့် ငှက်ပျောခိုင်တစ်ခိုင်လျှင် ငှက်ပျော အဖီးခြောက်ဖီး သတ်မှတ်ကာ ငှက်ပျောအခိုင် ၄၀ ပါ နွားလှည်း တစ်စီးလျှင် ငွေကျပ် တစ်သိန်းရှစ်သောင်းဈေးဖြင့် ရောင်းချရကြောင်း၊ ငှက်ပျောတစ်ဧက စိုက်ပျိုးထားပါက ပျမ်းမျှ လှည်းအစီးရေ ၁၃ စီးမှ ၁၄ စီး ရောင်းချရကြောင်း၊ ငှက်ပျော စိုက်တောင်သူများထံမှ သိရသည်။



ကျောက်ဆည်မြို့နယ်တွင် ငှက်ပျောသီးနှံများကို တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ကြက်မင်းတွန်၊ ဖောင်ရွာ၊ ပတ္တာ၊ ပင်တလည်၊ ပြည်ပန်း၊ သမန္တလင်း၊ မြင်းကဘက်၊ မုန့်ပေါင်း၊ လက်ပန်ဇင်၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းကြော၊ ကြက်သားဟင်း ကျေးရွာများတွင်လည်း စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နည်းပညာသင်တန်းပေးခြင်း၊ လုပ်ငန်းထူထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်ချိတ်ဆက်ပေးခြင်း၊ လုပ်ငန်းများကို စနစ်တကျ မှတ်ပုံတင်ပေးခြင်း၊ ထုတ်ကုန်များကို ဓာတ်ခွဲစမ်းသပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းကဏ္ဍအလိုက် ပြန်လည်သုံးသပ်၍ အားနည်းချက်များဖော်ထုတ်ကာ ပိုမိုအောင်မြင်အောင် ပြုပြင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ်ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့သည်။

အဆိုပါ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်း နည်းပညာကာလတိုသင်တန်း(၁၃၃)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၅၉၅ ဦး မွေးထုတ်ကာ အဆိုပါသင်တန်းသားများအနက် ၉၇၂ ဦးသည် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ဆောင်ရွက်လျက်ရှိသည်။ထို့အပြင် မှတ်ပုံတင်လုပ်ငန်းများအနေဖြင့် ၂၂၀၃ ခုနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်း(၆၀၀၇)ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ၌ နေထိုင်သူများက နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသည်။ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံကိန်းများချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ထူးချွန်သည့်သင်တန်းသား၊ သင်တန်းသူများကို လုပ်ငန်းများထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများကို ပါပေးအပ်ခြင်းဖြင့် ကျေးလက်ဒေသများတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၁၇**

၂၀၂၆ခုနှစ်၊ နိုဝင်ဘာ ၇ ရက်နေ့တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက တံတားဦးမြို့အမှတ်(၃)ရပ်ကွက် ရွှေသာလျောင်းဘုရားအတွင်း၌ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် ဝန်ထမ်းများက ရွှေသာလျောင်းဘုရားအတွင်းရှိ အမှိုက်များကိုရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(မြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ တရားမဝင် ဓာတ်အားသုံးစွဲမှုများကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကင်းရှင်းရေးနှင့် မီတာများဖတ်ရှုမှု မှန်ကန်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဦး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူး(မီတာ)များ၊ လယ်ဂျာစာရေး (မီတာ)နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြို့နယ်အတွင်း တရားမဝင် ဓာတ်အားသုံးစွဲမှုရှိမရှိနှင့် မီတာများဖတ်ရှုမှု မှန်ကန်ခြင်း ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၄၆၉)**

## မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့်စပ်လျဉ်း၍ အသိပညာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် "မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာမှုခင်းများနှင့် စပ်လျဉ်း၍ အသိပညာဆွေးနွေးပွဲ"ကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ Online / In person (Hybrid) စနစ်ဖြင့် ကျင်းပသည်။

မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့် ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့် စပ်လျဉ်း၍ အသိပညာဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်နှင့် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်တင်သန်းက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲတွင် တောင်ကြီးခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးစိုးခွန်ဖြိုးက "New Features of TM Law; Standing to sue & Jurisdictional Issues of IP Court"၊ မရမ်းကုန်းခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးဇော်ဇော်ထွန်းက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုအပေါ် လေ့လာတင်ပြခြင်း"၊ အောင်မြေသာစံခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်လွင်လွင်လှိုင်က "မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့် တရားရုံး၏အခန်းကဏ္ဍ"၊ ကျောက်ဆည်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်နှင်းလဲ့ရည်လွင်က "တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ရရှိနိုင်သည့် ဥပဒေဆိုင်ရာအခွင့်အရေးများ" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ၊ စုစုပေါင်း ၁၀ ဦးတို့သည် Online ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးများ၊ ခရိုင်အဆင့်တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၄၉ ဦးနှင့် မန္တလေးရှေ့နေအသင်းမှ အသင်းဝင်ရှေ့နေများ ၅၅ ဦး စုစုပေါင်း ၁၀၄ ဦးတို့သည် In person ဖြင့်လည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မြင့်မော်ထွန်း(မြန်/ဆက်)**



**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၈၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

❖ ရှေ့ဖုံးမှ

လုပ်ငန်းများဖြစ်သည့် **မြန်မာ မာကိုအင်ဒတ်စထရီ ကုမ္ပဏီ လီမိတက်**၏ နိုင်ငံခြားသွင်းကုန် အစားထိုး ငါးသေတ္တာစည်သွတ်ဘူး ထုတ်လုပ်နေမှု၊ တစ်ရက်လျှင် တန် ၁၀၀ ကျ အိုကေရတနာ အဆင့်မြင့်ဆန်စက် လည်ပတ် ဆောင်ရွက်နေမှုနှင့် ဆန်ကြိတ်ခွဲ ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ရှိ ငါးလေလံဈေးနှင့် ငါးလုပ်ငန်းများ ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကာ ငါးလေလံဈေး၌ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့သို့ ရောက်ရှိပြီး ထားဝယ်မြစ်ရေ စီးဆင်းမှုနှင့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲ ကျင်းပမည့်နေရာကို လည်းကောင်း၊ ဆိုလာလျှပ်စစ်ခေတ်အား ပေးစနစ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ရွှေဥသြထားဝယ် ရိုးရာ ရက်ကန်းစက်ရုံ၏ ထားဝယ် ရိုးရာလုံချည်အမျိုးမျိုး ထုတ်လုပ်နေမှုနှင့် ကျော်ကျော်မုန့်တိုက်၏ ကိတ်မုန့်အမျိုးမျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ထားဝယ်မြို့ အဆင့်မြင့်ဈေး တည်ဆောက်ရန် သတ်မှတ်လျာထားသည့် မြေနေရာကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ထားဝယ်မြို့ရှိ လောကမာရဇိန် ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်ကာ စေတီတော်ပရိဝုဏ်အတွင်း လှည့်လည် ကြည်ညိုသည်။

### အမှာစကားပြောကြား

ဆက်လက်၍ ဒုတိယသမ္မတသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်သမ္မတ တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်သည့် ခရီးစဉ်တွင် လမ်းညွှန်မှာကြားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး အတွင်း စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ MSME ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရန်၊ နိုင်ငံတကာဈေးကွက်ရှိသည့် ကော်ဖီနှင့် ကိုကိုး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအတွင်း ဆန်နှင့် ဆီဖူလုံမှုရှိအောင် ပိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်၊ ဒေသနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လောင်းလုံး သဘာဝဘေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေး ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး၏ ခုနှစ်အလိုက် စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ခဲ့မှု၊ ထွက်ရှိမှုနှင့် ဒေသတွင်းဝမ်းစာဖူလုံမှု အခြေအနေ၊ နှစ်အလိုက် ကုန်သွယ်ခဲ့မှုနှင့် ဝင်ငွေရရှိခဲ့မှုအခြေအနေ၊ သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်ခဲ့မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့နံနက် ၈ နာရီ ၂၅ မိနစ် ၅၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏ တောင်-အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၉ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့
အမှိုက် လျှော့ချကြပါစို့။

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းကိုင် အောက်တိုဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဟွေလုံကျေးရွာအုပ်စု၊ ဝမ်လုံ+ဝမ်ဟွေလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့နှင့်အတူ ဝမ်လုံ+ဝမ်ဟွေလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဝမ်လုံ+ဝမ်ဟွေလုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၄၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

၀-၀-၀-၀-၀

## အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံမှလှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၇

အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အာကာသပြတိုက်(ရန်ကုန်)၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က လှူဒါန်းသည့်ပစ္စည်းများအကြောင်းကို ရှင်းလင်းတင်ပြကာ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အာကာသပြတိုက် (ရန်ကုန်)သို့ လှူဒါန်းသည့် ပစ္စည်းများကို



လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းသည့်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၌ ဖျော်ဖြေရေး လုပ်ငန်းများနှင့် ပတ်သက်၍ စည်းကမ်းချက်များ ရှင်းလင်းခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကာရာအိုကေနှင့် ပတ်သက်၍ စည်းကမ်းချက်(၁၇)ချက်၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် ပတ်သက်၍ စည်းကမ်းချက်(၃၉)ချက်၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ကြရန်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကြိုဆိုဂုဏ်ပြု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၇**

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြ သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများက မန္တလေးပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀ ဦးက ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အလင်းဖွင့်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်နှင့် မြောင်းစာများ ဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှုများ၊ ရေမြောင်းအသစ်များ ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ရပ်ကွက်နေအိမ်များတွင် မီးဘေးလုံခြုံရေးစစ်ဆေး



**မကွေး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ချောက်မြို့နယ် အမှတ်(၁)ရပ်ကွက် လူနေအိမ်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဆောင်ရွက်ခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့သို့ ဆောင်ရွက်ရာတွင် ချောက်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထက်အောင်နိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်သောအဖွဲ့က အမှတ်(၁)ရပ်ကွက်လူနေအိမ်များတွင် လျှပ်စစ်ကြောင့် မီးလောင်မီးလန့်မှု မဖြစ်ပွားစေရန် လျှပ်စစ်ကြိုးများ သွယ်တန်းထားရှိမှု စနစ်တကျ မီးသုံးစွဲမှုရှိစေရန်၊ မီးဘေးလုံခြုံရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရေးအချက်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၃/၂၀၂၆)သင်တန်းဆင်းပွဲ ကျင်းပ

**စဥ့်ကူး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၃/၂၀၂၆) ဆင်းပွဲကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇင်ထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး သင်တန်းသားများဖြစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ သင်တန်းသားများကိုယ်စား ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထူးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဦးသန့်ဇင်ထွန်း၊ နယ်မြေခံတပ်မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူး မောင်မောင်ကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်ခဲ့ကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ သင်တန်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် သင်ကြားပို့ချပေးခဲ့ကြပြီး သင်တန်းကို စက်တင်ဘာ ၂၁ မှ အောက်တိုဘာ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

**တင်စာလွင်(ပြန်/ဆက်)**

o-o-o-o-o

## (VRFP) စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမ,တည်ရန်ပုံငွေ (VRFP)စီမံကိန်းငွေများ ထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ကန်သာကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကန်သာကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် VRFP စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၆၇ ဒသမ ၃၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသူ၊ အသင်းသား ၃၈၁ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၆၇ ဒသမ ၃၆ သန်းအား အသင်းသူ၊ အသင်းသားများ၏ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် သတ္တမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

## ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၇**

အထည်အလိပ် ရက်ကန်းလုပ်ငန်းရှင်များအသင်း (မန္တလေး)က ကြီးမှူး၍ ရက်ကန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို လာမည့် အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ အမရပူရမြို့၊ ဆောင်းဒါးသိပ္ပံသင်တန်းကျောင်းဝင်းအတွင်း၌ နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ပွဲတွင် အမရပူရထွက် နာမည်ကြီးပိုးထည်၊ ချည်ထည်ဆိုင်များမှ စက်တန်းထွက်ချိတ်များ၊ လက်ရက်ထည်များနှင့် သဘာဝချည်သားစစ်စစ်များကို ဒီဇိုင်းသစ် လက်ရာဆန်းများဖြင့် အထူးဈေးနှုန်းများ၊ ပရိုမိုးရှင်းအစီအစဉ်များနှင့်အတူ ရောင်းချပေးမည် ဖြစ်သည်။

ချည်ထည်ဒီဇိုင်းမျိုးစုံကို တစ်နေရာတည်းမှာ တွေ့မြင်ရမှာဖြစ်သလို ချည်ထည်သီးသန့်ပွဲဖြစ်ပြီး ကြုံတောင့်ကြုံခဲရက်ကန်းချည်ထည်ပြပွဲကြီးဖြစ်သောကြောင့် မြန်မာ့ရိုးရာချည်ထည်နှင့်ရက်ကန်းထည်များကို ချစ်မြတ်နိုးသူများအနေဖြင့် ဝင်ရောက်လေ့လာအားပေးနိုင်မည် ဖြစ်သည်။

ထို့အပြင် ပွဲတော်သို့ လာရောက်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည် ဖြစ်သည်။ **(အောက်ပုံ)(ဝ၇ဝ)**



# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက် အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်နှင်းစိုး၏ မြန်မာ့သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရေး စိန်ခေါ်မှုများစာတမ်း ကောက်နုတ်ချက်

**သီဟိုဠ်သရက်အစေ့(Cashew Nut) သည် သီဟိုဠ်သရက်ပင် Anacardium occidentale ၏ အသီးမှရရှိသော စီးပွားရေးတန်ဖိုးမြင့်သီးနှံထွက်ကုန်ဖြစ်သည်။ သီဟိုဠ်သရက်ပင်သည် အမြဲစိမ်းနှစ်ရှည်ပင်ကြီးမျိုးဖြစ်ပြီး အပူပိုင်းနှင့် အပူပိုင်းခြောက်သွေ့ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။**

သီဟိုဠ်အဆန်သည် ဆိမ့်ပြီး ထူးခြားသော အရသာရှိသဖြင့် တန်ဖိုးမြင့်သရေစာအဖြစ် စားသုံးကြသည့်အပြင် ရေခဲမုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ဒံပေါက်နှင့် အခြားစားသောက်ကုန်များတွင်လည်း ထည့်သွင်း၍ တန်ဖိုးထားစားသောက် အသုံးပြုကြသည်။ ထို့အပြင် သီဟိုဠ်စေ့ အခွံဆီ၊ သီဟိုဠ်သီးမှ ဝိုင်၊ အရက်နှင့် အဖျော်ယမကာများ၊ ယိုနှင့် အခြားတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်သဖြင့် သီဟိုဠ်သရက်သည် လယ်ယာကဏ္ဍ၏ ထုတ်ကုန်တစ်မျိုးတည်းသာမက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်သည့် တန်ဖိုးမြင့်ကွင်းဆက်ရှိသော သီးနှံတစ်မျိုးဖြစ်သည်။

**မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စိုက်ဧရိယာသည် ဧက ၂၁၀၀၀၀ ခန့်အတွင်းသာရှိနေသဖြင့် သိသိသာသာ တိုးချဲ့စိုက်ပျိုးမှုမရှိကြောင်း တွေ့ရပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက - ၂၁၆၄၁၁ ဧက၊ အသီးခူးဧက - ၁၅၄၂၇၈ ဧက၊ အထွက်နှုန်း - ၃၃၀ ဒသမ ၄၁ ပိဿာ/ဧက၊ ထုတ်လုပ်မှု - ၅၀၉၇၄၂၄၆ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

များမှာ သီဟိုဠ်သရက်စိုက်ပျိုးနိုင်သော မြေဧရိယာများရှိခြင်း၊ တနင်္သာရီ၊ ရေဝတီ၊ ပဲခူးနှင့် ရခိုင်တို့တွင် ရှိပြီးသား ထုတ်လုပ်ရေးအခြေခံရှိခြင်း၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အနီးကပ်ဈေးကွက်များရှိခြင်း၊ သီဟိုဠ်အဆန်သည် သိုလှောင်၊ သယ်ယူ၊ ပြုပြင်ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းဖြစ်ခြင်း၊ ပြည်တွင်းစားသုံးမှုဈေးကွက်ရှိခြင်း၊ အဆန်အပြင် သီဟိုဠ်စေ့အခွံဆီနှင့် သီဟိုဠ်သီး(apple) ကိုပါ တန်ဖိုးမြင့်အသုံးချနိုင်ခြင်း၊ ကမ္ဘာ့ဈေးကွက်တွင် သီဟိုဠ်စေ့အဆန်နှင့် အခြားထုတ်ကုန်များ၏ ဝယ်လိုအား တိုးလာနိုင်ခြင်းတို့ ဖြစ်သည်။

ထို့ကြောင့် သီဟိုဠ်သရက်ကို ကုန်ကြမ်းထုတ်လုပ်ရောင်းချမှုမှ ပြုပြင်ထုတ်လုပ်ကာ တန်ဖိုးမြင့်ထုတ်ကုန်များကို အဓိကထားပြီး ထုတ်လုပ်သည့် ပုံစံသို့ဦးတည်၍ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်၌ အခွင့်အလမ်းပိုမိုရရှိလာမည် ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ထုတ်လုပ်နိုင်သော သီဟိုဠ်အဆန် ၂၀၆၁၂ တန်အနက် ပြည်ပတင်ပို့မှုမှာ ၂၅၀၃ ဒသမ ၅၇၅ တန်ရှိပြီး ပြည်တွင်းစားသုံးမှုမှာ ၁၈၁၀၁ ဒသမ ၄၂၅ တန်ခန့်ရှိ၍ ထုတ်လုပ်မှု၏ ၈၇ ရာခိုင်နှုန်းကျော်မှာ ပြည်တွင်းစားသုံးမှု ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်သည်လည်း

**မြန်မာနိုင်ငံ၏ နှစ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | စိုက်နှစ် | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း (ပိဿာ/ဧက) | အထွက်(အစေ့ကုန်ကြမ်း) ပိဿာ | အထွက်(အစေ့ကုန်ကြမ်း) တန် |
|---|---|---|---|---|---|---|
| ၁။ | ၂၀၂၀-၂၀၂၁ | ၂၁၀၂၂၆ | ၁၅၆၀၃၄ | ၂၉၈.၀၉ | ၄၆၅၁၁၅၀၉ | ၇၅၉၉၉ |
| ၂။ | ၂၀၂၁-၂၀၂၂ | ၂၀၆၂၃၂ | ၁၄၆၂၇၂ | ၃၁၆.၁၁ | ၄၆၂၃၇၅၁၃ | ၇၅၅၅၁ |
| ၃။ | ၂၀၂၂-၂၀၂၃ | ၂၁၆၄၃၉ | ၁၅၀၀၂၈ | ၂၉၀.၈၉ | ၄၃၆၄၁၈၁၁ | ၇၁၃၁၀ |
| ၄။ | ၂၀၂၃-၂၀၂၄ | ၂၀၅၈၇၂ | ၁၅၀၆၂၈ | ၃၃၄.၉၉ | ၅၀၄၅၈၅၇၆ | ၈၂၄၄၉ |
| ၅။ | ၂၀၂၄-၂၀၂၅ | ၂၁၆၄၁၁ | ၁၅၄၂၇၈ | ၃၃၀.၄၁ | ၅၀၉၇၄၂၄၆ | ၈၃၂၉၁ |

ထို့ကြောင့် လက်ရှိကာလတွင် စိုက်ဧရိယာတိုးချဲ့ခြင်းထက် ရှိပြီးသားဧရိယာ၏ တစ်ဧကအထွက်နှုန်း တိုးတက်အောင်မြှင့်တင်ခြင်းသည် အရေးကြီးသည့် မဟာဗျူဟာတစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် သီဟိုဠ်သရက်ကဏ္ဍ၏ အဓိကထုတ်လုပ်သောဒေသများဖြစ်ကြပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် သီဟိုဠ်သရက် ၇၃၉၂၉ ဧက စိုက်ပျိုးထားရှိပြီး တစ်နိုင်ငံလုံး သီဟိုဠ်စိုက်ဧရိယာ၏ ၃၅ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံ၏ သီဟိုဠ်သရက်အများဆုံး စိုက်ပျိုးထုတ်လုပ်ရာ တိုင်းဒေသကြီးအဖြစ် တွေ့ရှိရပါသည်။

တန်ဖိုးမြင့်ထုတ်ကုန်များအတွက် အရေးပါသော ဈေးကွက်ဖြစ်သည်။

**သီဟိုဠ်သရက်အဆန် ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ**

သီဟိုဠ်စေ့ကုန်ကြမ်းမှ အဆန်ထုတ်လုပ်ရာတွင် ကုန်ကြမ်းဝယ်ယူခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ရေနွေးငွေ့ဖြင့်အပူပေးခြင်း၊ အခွံခွဲခြင်း၊ အဆန်အခြောက်ခံခြင်း၊ အမြှေးပါးခွာခြင်း၊ အဆန်၏ အဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်းဟူသည့် လုပ်ငန်းစဉ်များရှိသည်။ အခွံခွဲခြင်းလုပ်ငန်းကို လူအားသုံးစွဲနိုင်သကဲ့သို့ စက်ကိရိယာဖြင့်လည်း အခွံခွဲနိုင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း တစ်ပိဿာလျှင် အစေ့ပေါင်း ၂၅၀ မှ ၃၀၀ ခန့် ပါဝင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း လေးပိဿာလျှင် သီဟိုဠ်အဆန်

**၂၀၂၄-၂၀၂၅ ခုနှစ်တွင် သီဟိုဠ်သရက် အဓိကထုတ်လုပ်သောဒေသများ၏ အထွက်နှုန်း နှိုင်းယှဉ်ဖော်ပြချက်**

| ဒေသ | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း(ပိဿာ/ဧက) | ထုတ်လုပ်မှု(ပိဿာ) |
|---|---|---|---|---|
| တနင်္သာရီ | ၇၃၉၂၉ | ၅၅၅၁၃ | ၂၀၃.၀၄ | ၁၁၂၇၁၄၉၉ |
| ရေဝတီ | ၆၆၅၂၉ | ၄၉၅၉၇ | ၂၂၉.၉၄ | ၁၁၄၀၄၄၀၁ |
| ပဲခူး | ၂၃၈၂၁ | ၂၂၅၁၅ | ၁၁၅၇.၄၈ | ၂၆၀၆၅၃၄၀ |
| ရခိုင် | ၂၁၉၄၈ | ၁၀၇၄၈ | ၆၃.၈၆ | ၆၈၆၃၈၉ |

**သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှု၏ အဓိကအားသာချက်နှင့် အခွင့်အလမ်းများ**

မြန်မာနိုင်ငံတွင် သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားသာချက်

တစ်ပိဿာခန့်ရရှိပါသည်။ သီဟိုဠ်ဆန် တစ်ပိဿာလျှင် ၁ ဒသမ ၆၄ ကီလိုဂရမ်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော သီဟိုဠ်သရက်အဆန် အဆင့်အတန်းသတ်မှတ်ချက်များအရ W 180 = (Whole kernel 170-180/pound) ၊ W 210 = (Whole kernel 200-210/pound)၊ W 240 = (Whole kernel 220-240/pound)၊ W 280 = (Whole kernel 260-280/pound)၊ W 320= (Whole kernel 300-320/pound)၊ W 400= (Whole kernel 350-400/pound)၊ W 450= (Whole kernel 400-450/pound) ၊ W 500= (Whole kernel 450-500/pound) ဟူ၍ အဆင့်အတန်း သတ်မှတ်ထားပါသည်။

ထို့အပြင် အဆိုပါ ဈေးကွက်ဝင် သီဟိုဠ်သရက်အဆန်များသာမက သီဟိုဠ်အဆန်အကျိုးအကြေများ၊ လှော်ထားသောအဆန်၊ အရသာထည့်ထားသော အဆန်၊ သီဟိုဠ်နို့ သီဟိုဠ်ထောပတ်၊ ဝိုင်၊ ယို၊ အစားအသောက်လုပ်ငန်းသုံးပစ္စည်းများနှင့် သီဟိုဠ်စေ့အခွံဆီတို့ကိုလည်း တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဖော်ဆောင်နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် လက်ရှိတွင် W400 ကဲ့သို့ အဆန်အရွယ်အစားငယ်သော သီဟိုဠ်သရက်အဆန်များမှသည် W320, W240 နှင့် W180 ကဲ့သို့ အဆင့်မြင့်သီဟိုဠ်သရက်အဆန်များ အဓိကထုတ်လုပ်ရရှိနိုင်ရန်အတွက် တောင်သူအဆင့် မျိုးရွေးချယ်မှုမှစတင်၍ စက်ရုံအဆင့် ထုတ်လုပ်မှုအထိ ဆက်စပ်ဆောင်ရွက်ရမည့် အရေးကြီးသော အချက်ဖြစ်ပါသည်။

**ပြည်ပတင်ပို့မှု**

ယခုလက်ရှိတွင် မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံတို့သို့ သီဟိုဠ်အဆန်များ တင်ပို့လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန်တင်ပို့မှု ၂၅၀၃ ဒသမ ၅၇၅ တန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၂၄ သန်း ဝင်ငွေရရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန် ၇၄၃၉ ဒသမ ၃၅၂ တန် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၆၅ သန်းအထိ ဝင်ငွေပိုမိုတိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့သီဟိုဠ်သရက်ကဏ္ဍတွင် လက်ရှိကြုံတွေ့နေရသည့် အောက်ပါစိန်ခေါ်မှုများကို အဓိကထားဖြေရှင်းရန်လိုအပ်သည် -

**(၁) စိုက်ပျိုးရေးဆိုင်ရာစိန်ခေါ်မှု။** ဒေသအလိုက် မျိုးကွဲများ မတူညီခြင်း၊ မျိုးကောင်းမျိုးသန့် ပျိုးပင်လုံလောက်မှုမရှိခြင်း၊ ပင်အိုများ ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊ တစ်ဧကအထွက်နှုန်း ကွာခြားမှုများခြင်း၊ ရေ၊ မြေဩဇာနှင့် မြေဆီလွှာစီမံခန့်ခွဲမှု အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေအသုံးချနိုင်မှု။

**(၂) အသီးခူးပြီးနောက် စီမံခန့်ခွဲမှု။** အသီးခူးချိန် မတူညီခြင်း၊ အစေ့ခြောက်သွေ့မှု မမှန်ခြင်း၊ အညစ်အကြေးနှင့် အရည်အသွေးကျဆင်းခြင်း၊ သိုလှောင်မှုစနစ် မကောင်းခြင်း၊ အဆန်အရောင်နှင့် အရည်အသွေး ကျဆင်းခြင်း။

**(၃) ထုတ်လုပ်မှုနှင့် စက်မှုကဏ္ဍ။** စက်ရုံအရေအတွက်နှင့် စက်၏ထုတ်လုပ်နိုင်စွမ်းအား မလုံလောက်ခြင်း၊ စက်ပစ္စည်းနှင့် နည်းပညာလိုအပ်ချက်၊ အဆင့်အတန်းခွဲခြားမှုစံသတ်မှတ်မှု တူညီရန်။

**(၄) ဈေးကွက်ဆိုင်ရာ စိန်ခေါ်မှု။** ကုန်ကြမ်းဈေးနှုန်း အတက်၊ အကျရှိခြင်း၊ နိုင်ငံတကာဈေးကွက် သတင်းအချက်အလက် မလုံလောက်ခြင်း၊ ဈေးကွက်တည်ဆောက်နိုင်မှု အားနည်းခြင်း၊ ဈေးကွက်အနည်းငယ်အပေါ် မှီခိုခြင်း၊ ဈေးကွက်ဝင်ကိုယ်ပိုင်အမှတ်တံဆိပ် မတည်ဆောက်နိုင်သေးခြင်း။

**(၅) ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု။** စက်ရုံများ၏ ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ခူးပြီးနောက် ထိန်းသိမ်းမှုနည်းပညာ၊ ထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်သည်။

**သုံးသပ်အကြံပြုချက်များ**

**(၁) မျိုးကောင်းမျိုးသန့်နှင့် ပင်အိုအစားထိုးစိုက်ပျိုးရေး။** ဒေသရေ၊ မြေအလိုက် စိုက်ပျိုးရန် သင့်လျော်သည့်မျိုးများကို သတ်မှတ်ပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်စံချိန်မီ ပျိုးပင်ထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်း မိခင်ပင်ရွေးချယ်ရေး၊ လက်ခံပင်နှင့် ကိုင်းဆက်မျိုးယူမည့် အပင်၏ အရည်အသွေး၊ ပျိုးခင်းတွင် မျိုးမှန်ကန်စေရေးနှင့် စံချိန်မီပျိုးခင်းတို့ဖြစ်ရန် လိုအပ်သည်။

လက်ရှိစိုက်ပျိုးနေသည့်မျိုးများ အပါအဝင် စီးပွားရေးအရ အလားအလာရှိသည့်မျိုးများကို သုတေသနပြု၍ အထွက်နှုန်း၊ အဆန်အရွယ်အစား၊ အဆန်ထွက်ရှိမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ ဒေသ၏ ရာသီဥတုနှင့် စိုက်ပျိုးရန်သင့်တော်မှုနှင့် ဈေးကွက်တွင် ရောင်းတမ်းဝင်နိုင်မှုတို့အပေါ်အခြေခံ၍ မျိုးရွေးချယ်သင့်သည်။

**(၂) အထွက်နှုန်းမြှင့်တင်ရေးအတွက် စံပြစိုက်ခင်းများတည်ထောင်ရေး။** တနင်္သာရီတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်များသတ်မှတ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အခြေခံ၍ စံပြစိုက်ခင်းများထူထောင်ကာ စိုက်ပျိုးနည်းများကို ပြသပေးသင့်ပါသည်။ အထွက်နှုန်းမြင့်မားစေသည့်အချက်များကို ကွင်းသရုပ်ပြပွဲများပြုလုပ်ပြီး စိုက်ပျိုးရေးနည်းလမ်းများကို စိုက်ပျိုးသူများထံသို့ ဖြန့်ဝေရန် လိုအပ်သည်။

**(၃) သီဟိုဠ်သရက်အစုအဖွဲ့ ဖော်ဆောင်ရေး။** သီဟိုဠ်သရက် အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသများတွင် စိုက်ပျိုးသူတောင်သူ၊ သိုလှောင်ရောင်းဝယ်သူ၊ စက်ရုံ၊ ဈေးကွက်တင်ပို့ရောင်းချမှု၊ ငွေကြေးအရင်းအနှီးရရှိမှုဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရနှင့် သုတေသနပြုလုပ်မှုတို့ ပါဝင်သည့် သီဟိုဠ်သရက် အစုအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါသည်။

**(၄) ထုတ်လုပ်မှုအတွက် စက်ရုံများတိုးချဲ့တည်ထောင်ရေး။** ကုန်ကြမ်းကို ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းထက် ပြည်တွင်းတွင်တန်ဖိုးမြှင့်ကုန်ကြမ်းအဖြစ် ပြောင်းလဲရန် စက်ရုံများ တိုးချဲ့တည်ထောင်သင့်သည်။

**(၅) အရည်အသွေးနှင့် အာမခံချက်ပေးခြင်း။** နိုင်ငံတကာဈေးကွက်အတွက် GAP (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ)၊ GMP (ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို သန့်ရှင်းမှုရှိပြီး စနစ်တကျဆောင်ရွက်ခြင်း)၊ HACCP (ထုတ်လုပ်မှုအတွင်း ဖြစ်ပေါ်နိုင်သော အစားအသောက် ဘေးကင်းရေး အန္တရာယ်များကို ကြိုတင်ထိန်းချုပ်သည့်စနစ်)၊ Food Safety (အစားအစာ၏ဘေးကင်းလုံခြုံရေး)၊ Traceability (ထုတ်ကုန်၏ ထုပ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်ကိုသိရှိပြီး နောက်ကြောင်းပြန်ခြေရာခံနိုင်ခြင်း)၊ Standard grading (အဆင့်ခွဲခြားခြင်း)၊ Export packaging (ထုပ်ပိုးမှုနှင့်ဈေးကွက်ဝင်မှု) စသည့်စနစ်များကို တဖြည်းဖြည်း အကောင်အထည်ဖော်သင့်သည်။

**(၆) ဈေးကွက် ချိတ်ဆက်ဖြန့်ကြက်နိုင်မှု။** တရုတ်နှင့် ထိုင်းကဲ့သို့ ရှိပြီးသားဈေးကွက်များကို ဆက်လက်ထိန်းသိမ်းသည့်အပြင် ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အာရှအရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံ ဈေးကွက်များသို့ တဖြည်းဖြည်းချဲ့ထွင်ရန် လိုအပ်သည်။

စာမျက်နှာ ၆ သို့

❂ စာမျက်နှာ ၅ မှ

**(၇) ပြည်ပကုန်ကြမ်းတင်သွင်းပြီး တန်ဖိုးမြှင့် ထုတ်လုပ်ရေး။** ဗီယက်နမ်၏ အတွေ့အကြုံအရ ပြည်တွင်းကုန်ကြမ်းတစ်ခုတည်းအပေါ် မမှီခိုဘဲ လိုအပ်သည့်အချိန်တွင် ပြည်ပမှ သီဟိုဠ်သရက် ကုန်ကြမ်းများတင်သွင်းပြီး ပြည်တွင်းထုတ်လုပ်နိုင်မှု စွမ်းရည်ကိုအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း ကြိုတင်စဉ်းစား စီမံချက်ချထားသင့်သည်။ သို့ရာတွင် ယင်းစနစ်ကို အကောင်အထည်ဖော်ရာ၌ ပြည်တွင်းမှ တောင်သူများ၏ ကုန်ကြမ်းဈေးကွက်နှင့် ယှဉ်ပြိုင်မှုမဖြစ်စေရေး၊ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ၊ အရည်အသွေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတိပြုရမည့် အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**(၈) ထုတ်လုပ်တင်ပို့ရောင်းချမှုဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေး။** အစိုးရဌာနတစ်ခုတည်းဖြင့် ကဏ္ဍတစ်ခုလုံးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် မလွယ်ကူသဖြင့် **မြန်မာ့သီဟိုဠ် သရက်စိုက်ပျိုး ထုတ်လုပ်ရေးကဲ့သို့သော** အသင်းအဖွဲ့ကို တောင်သူ၊ စက်ရုံ၊ ကုန်သည်၊ တင်ပို့ရောင်းချသူနှင့် ပညာရှင်များ ပါဝင်စေ၍ ဖွဲ့စည်းသင့်ပါသည်။

**(၉) ဈေးကွက်သတင်းအချက်အလက်။** သီဟိုဠ်သရက်ဆိုင်ရာဈေးကွက်နှင့် သတင်းအချက်အလက် နည်းပညာဌာနဖွဲ့စည်းပြီး နေ့စဉ်/အပတ်စဉ် ဈေးနှုန်း၊ ပြည်ပဈေးနှုန်း၊ ဈေးကွက်ဝယ်လိုအား၊ အဆန်အဆင့်အတန်းအလိုက်ဈေးနှုန်း၊ ထုတ်လုပ်မှုနှင့် ရာသီဥတုအခြေအနေတို့ကို တောင်သူများထံ ဖြန့်ဝေပေးသင့်သည်။

**(၁၀) သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု။** သီဟိုဠ်သရက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သီဟိုဠ်သရက်ဆိုင်ရာ သုတေသနနှင့် နည်းပညာ ဌာနကိုထားရှိပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေးမှသည် တန်းဖိုးမြှင့်ထုတ်ကုန်တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက်အားလုံးတို့ကို ဦးစားပေးသုတေသနပြုရမည်ဖြစ်ပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု ဧရိယာဧက သုံးသိန်း ပြည့်မီစေရေးအတွက် ငါးနှစ်စီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်မည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရေတွက်ပုံ(ဧကေ)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ | ၇၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၃၃၀၀၀ | ၃၅၀၀၀ | ၁၀၀၀၀၀ |
| ၂ | ဧရာဝတီ | ၆၄၀၀ | ၉၆၀၀ | ၁၅၀၀၀ | ၃၁၀၀၀ | ၃၄၀၀၀ | ၉၆၀၀၀ |
| ၃ | ပဲခူး | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၄ | ရခိုင် | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၅ | မွန် | ၈၀၀ | ၁၂၀၀ | ၂၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ |
| ၆ | ကရင် | ၁၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ |
| | စုစုပေါင်း | ၂၀၀၀၀ | ၃၀၀၀၀ | ၄၇၀၀၀ | ၁၀၀၀၀၀ | ၁၀၃၀၀၀ | ၃၀၀၀၀၀ |

သီဟိုဠ်သရက် ဧကသုံးသိန်း တိုးချဲ့စိုက်ပျိုးမှု အပြည့်အဝအောင်မြင်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်များမှာ သီဟိုဠ်သရက် တိုးချဲ့စိုက်ပျိုးမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတွင် အကြိုစစ်တမ်းကောက်ယူမှု ပြုလုပ်ခြင်း၊ မျိုးအလိုက် စာရင်းပြုလုပ်ခြင်း၊ အထွက်နှုန်း မှတ်တမ်းယူခြင်း၊ သီဟိုဠ်သရက်ပျိုးခင်းတည်ထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ပျိုးပင်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် မျိုးများဖြန့်ဝေခြင်း၊ ပင်အိုခုတ်လှဲပြီး အထွက်ကောင်းမျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊ GAP စံပြစိုက်ခင်းများ တည်ထောင်ခြင်း၊ အသီးကောက်ယူစုဆောင်းပြီးနောက် သိုလှောင်၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာသင်တန်းပေးခြင်း၊ သီဟိုဠ်သရက်ဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာဖြန့်ဝေမှုစတင်ခြင်း၊ ထုတ်လုပ်သောစက်ရုံများ၏ စက်ရုံထုတ်လုပ်နိုင်စွမ်းကို မှတ်တမ်းပြုလုပ်ခြင်း၊ ထုတ်ကုန်တင်ပို့မှုဆိုင်ရာ လိုအပ်ချက်များကို စုစည်းထုတ်ပြန်ခြင်းတို့ဖြစ်ပြီး ကာလတိုစီမံချက်အဖြစ် ငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နှစ်ရှည်စီမံချက် နှစ် ၂၀ အတွင်း ဆောင်ရွက်မည့် အစီအမံများ**

ကာလရှည်စီမံချက်အနေဖြင့် ထုတ်လုပ်မှု စက်ရုံများတိုးချဲ့ခြင်း၊ ထုတ်ကုန်၏အဆင့်အတန်း ခွဲခြားခြင်းနှင့် အရည်အသွေးဆိုင်ရာဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း၊ HACCP/GMP စနစ်များ စတင်အသုံးပြုခြင်း၊ သီဟိုဠ်သရက်အဆန် အဆင့်အတန်း သတ်မှတ်ချက်အရ W320/ W240/ W180 premium grade တို့ကို ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ ထုပ်ပိုးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ သုတေသနနှင့် နည်းပညာဌာန တည်ထောင်ခြင်း၊ ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ ဈေးကွက် ချိတ်ဆက်မှုပြုလုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုကုန်တံဆိပ် ရရှိရေးအထိ လုပ်ဆောင်ရန်လိုအပ်ခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်း၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်နိုင်သည့် စက်မှုဇုန်များ ဖော်ဆောင်ခြင်းနှင့် ဒေသဆိုင်ရာထုတ်လုပ်မှုနှင့် တင်ပို့မှုဦးဆောင်နိုင်ငံအဖြစ် ဖွံ့ဖြိုးစေခြင်း စသည်တို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံကို မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့မှုတွင် ဦးဆောင်နိုင်ရေး ဖော်ဆောင်ရန် ရည်မှန်းသင့်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ခန့်မှန်းကုန်ကျစရိတ်**

သီဟိုဠ်သရက်တစ်ဧက စိုက်ပျိုးထိန်းသိမ်းခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်(ကျပ်)မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | လုပ်ငန်း | လုပ်ခ | ပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | စိုက်ပျိုးခြင်း | ၃၆၉၇၅၀ | ၄၄၁၀၅၀ | ၈၁၀၈၀၀ |
| ၂ | ထိန်းသိမ်းခြင်း | ၂၈၁၇၀၀ | ၁၈၆၇၅၀ | ၄၆၈၄၅၀ |
| | စုစုပေါင်း | ၆၅၁၄၅၀ | ၆၂၇၈၀၀ | ၁၂၇၉၂၅၀ |

**အကောင်အထည်ဖော်မှုအတွက်ဌာန/ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်မှု**

မြန်မာ့သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်/ ငွေကြေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/ သုတေသနအဖွဲ့တို့ဖြင့် Public-Private-Research Partnership အဖြစ် ဆောင်ရွက်သင့်သည်။

**မူဝါဒဆိုင်ရာ အကြံပြုချက်များ**

သီဟိုဠ်သရက်သီးနှံသည် ပြည်ပဝယ်လိုအား မြင့်တက်နေသည့် သီးနှံအမျိုးအစားဖြစ်ပြီး အနာဂတ်ဈေးကွက်ဝင်မှု အလားအလာရှိနေသည့်အတွက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် တွက်ခြေကိုက်သည့်လုပ်ငန်းဖြစ်သောကြောင့် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိနိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိစေရေးနှင့် နိုင်ငံ့စီးပွား အထောက်အပံ့ကောင်း ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစား ရန် အကြံပြုတင်ပြအပ်ပါသည် -

(က) အထွက်နှုန်းနှင့် အရည်အသွေးကို ထိခိုက်စေနိုင်သည့် ပိုးမွှားရောဂါများ ကျရောက်နိုင်သည့်အတွက် ထိရောက်သော စီမံခန့်ခွဲမှု အလေ့အကျင့်များ ဆောင်ရွက်ပေးခြင်း၊

(ခ) ဈေးကွက်သို့ ကောင်းမွန်သောအခြေအနေဖြင့် ရောက်ရှိစေရန် မှန်ကန်သော ထုပ်ပိုးခြင်းနှင့် ကိုင်တွယ်ခြင်းတို့သည် အရေးကြီးသောကြောင့် စနစ်တကျလုပ်ကိုင်နိုင်ရန်နှင့် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) သီဟိုဠ်သရက်သီးနှံတင်ပို့ရာတွင် ပို့ကုန်အလားအလာမြှင့်တင်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် အခြေခံအဆောက်အအုံများ ကူညီပေးခြင်း၊

(ဃ) တစ်ဧကကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုအရင်းအနှီးများသဖြင့် အစိုးရနှင့် ပုဂ္ဂလိကတို့မှ ပူးပေါင်းဆောင်ရွက်ပြီး ငွေကြေးအထောက်အပံ့များရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) ကန်ထရိုက်လယ်ယာစနစ် အားကောင်းလာရေးအစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအကြား တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစေသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးကောင်းမွန်၍ အထွက်နှုန်းကောင်းစေရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းအတွက်တောင်သူပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးခြင်း၊

(ဆ) ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေး သုံးစွဲမှုများ စနစ်တကျအသုံးပြုနိုင်ရေး GAP စနစ်ကို တောင်သူများလက်ခံကျင့်သုံးမှုများလာစေရန် တွန်းအားပေးဆောင်ရွက် ပေးခြင်း၊

(ဇ) ပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) အရည်အသွေးယှဉ်ပြိုင်နိုင်သည့် သီဟိုဠ်သရက်မျိုးများ ရရှိရေးအတွက် ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရေးကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ည) ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှု ပိုမိုလွယ်ကူချောမွေ့စေရန် မလိုလားအပ်သည့်အကောက်ခွန်မဟုတ်သောအတားအဆီးများ (Non Tariff Barriers) လျှော့ချပေးရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်တွင်း၊ ပြည်ပ ဈေးကွက်အလားအလာများကို ခန့်မှန်းတွက်ချက်ပြီး စိုက်ပျိုးထုတ်လုပ်သူများကို ဈေးကွက်သတင်းအချက်အလက်များ မျှဝေပေးခြင်း၊

(ဌ) ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်သည်မှ ပြည်ပသို့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပေးခြင်း။

**အထွေထွေတင်ပြချက်**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက်ကဏ္ဍသည် လက်ရှိတွင် စိုက်ပျိုးထုတ်လုပ်မှုအခြေခံရှိပြီး ဖြစ်သော်လည်း နိုင်ငံ၏စီးပွားရေးတန်ဖိုးမြှင့်တင်ရေးအတွက်ထိုက်တန်သည့် အကျိုးအမြတ်ကို အပြည့်အဝ မရရှိသေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင် ဒေသတို့တွင် ထုတ်လုပ်မှုအခြေခံ ခိုင်မာနေခြင်းသည် အားသာချက်ဖြစ်သည်။ ထိုအားသာချက်ကို အသုံးချ၍ စိုက်ပျိုးဧရိယာ တိုးချဲ့စိုက်ပျိုးရေးတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမပြုဘဲ သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ကုန်ကြမ်းထုတ်လုပ်မှုမှ ပြုပြင်ထုတ်လုပ်မှုစွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး၊ ဈေးကွက်နှင့် ပို့ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးကို အချိတ်အဆက်မိမိ ဖော်ဆောင်ရန် လိုအပ်ပြီး တစုတစည်းတည်း မဟာဗျူဟာချ ချိတ်ဆက်ဖော်ဆောင်ရမည့် လုပ်ငန်းကြီးဖြစ်ပါသည်။

ထို့အပြင် သီဟိုဠ်သရက်သီးနှံကို ပြည်ပနိုင်ငံများသို့ တရားဝင်ပို့နိုင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ပါက မြန်မာ့သီဟိုဠ်သရက်သည် ဈေးကွက်ခိုင်မာမှုရှိကာ ရေရှည်တည်တံ့သော ပို့ကုန်တင်ပို့မှု မြင့်မားလာစေပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည့် သီးနှံတစ်ခုဖြစ်လာနိုင်ပါသည်။ ထို့အပြင် မြန်မာ့သီဟိုဠ်သရက်ဈေးကွက် ခိုင်မာလာပါက စိုက်ပျိုးသူတောင်သူများသည် ဈေးကွက် အခွင့်အလမ်းများစွာရရှိခြင်းနှင့် အကျိုးအမြတ်များစွာရရှိနိုင်ခြင်းကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် သီဟိုဠ်သရက်ကို တောင်သူဝင်ငွေတိုးတက်စေသော သီးနှံအဖြစ်မှ ပြည်တွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးစေသော ကုန်ကြမ်း၊ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော ပို့ကုန်သီးနှံအဖြစ်ပြောင်းလဲဖော်ဆောင်နိုင်ပါက "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဆိုသည့် အမျိုးသားအဆင့် ရည်မှန်းချက်ကို သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**ကိုးကားချက်**

၁။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု စာရင်း။

၂။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုစာရင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုနှင့် ပို့ကုန်ဆိုင်ရာ စာရင်းအင်းများ။

၄။ Food and Agriculture Organization of the United Nations. (2023). FAOSTAT: Crops and Livestock Products Database.

၅။ General Department of Customs of Vietnam. (2023). Cashew Export Statistics.

၆။ International Trade Council. (2024). Vietnam's Cashew Industry and Global Trade with Record Exports.

၇။ Ministry of Industry and Trade of Vietnam. (2024). Cashew Export and Market Information.

၈။ Vietnam Cashew Association. (2024). Cashew Industry and Export Information.

၉။ World Integrated Trade Solution (WITS), World Bank. (2025). – HS 080130 Cashew nuts trade data.

၁၀။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ သီဟိုဠ်စေ့ထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် ပို့ကုန်ဆိုင်ရာ လေ့လာချက်များ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Furious 7 ဇာတ်ဝင်သီချင်း See You Again အောင်မြင်မှုရရှိ

နာမည်ကြီးမင်းသားပေါလ်ဝါကာသည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် ကားမတော်တဆမှုနှင့် ရုတ်တရက် ကွယ်လွန်ခဲ့ရာ Furious 7 ဇာတ်ကားရိုက်ကူးရန် ကျန်ရှိနေ၍ လူစားထိုးသရုပ်ဆောင်မှုနှင့် ပြီးစီးခဲ့ပြီး သူ့ကို နှုတ်ဆက်ရန် ဇာတ်ဝင်တေး See You Again ထည့်သွင်းရာမှ အောင်မြင်မှုရရှိခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မင်းသား ပေါလ်ဝါကာကို ထုတ်လုပ်ရေးကုမ္ပဏီက ချာလီပတ်နှင့် တွေ့ဆုံပေးပြီး သီချင်းဖန်တီးခဲ့ရာ ဆယ်မိနစ်အတွင်း အပြီးရေးသားခဲ့သည်။ သီဆိုသူ ပြောင်းလဲခဲ့သော်လည်း နောက်ဆုံး ပေါလ်ဝါကာအသံနှင့်ပင် ဇာတ်ဝင်တေးရွေးချယ်ရာမှ ဇာတ်သိမ်းပိုင်းနှင့် ကိုက်ညီနေခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ယင်းရုပ်ရှင်ဇာတ်ဝင်တေးကို ဖြန့်ချိခဲ့ရာ သာမန်ရုပ်ရှင်သီချင်းတစ်ပုဒ်ထက် ကျော်လွန်ခဲ့ပြီး ဂရမ်မီတွင် ဆန်ခါတင်သုံးဆု စာရင်းဝင်ခဲ့ကာ ဖန်တီးချိန် ဆယ်မိနစ်နှင့် အဓိက Melody နှင့် Chorus သည် လူသန်းပေါင်းများစွာ၏ ဆုံးရှုံးမှုကို ဖော်ပြပေးနိုင်သည့် သီချင်းတစ်ပုဒ်ဖြစ်လာခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည်။

(SKY)




## Lee Jung Jae နှင့် Jung Woo Sung တို့ ရင်းနှီးမှုရှိ

ကိုရီးယားအနုပညာလောက၏ ကြယ်နှစ်ပွင့်ဖြစ်ကြသည့် ဝါရင့်မင်းသားနှစ်လက်ဖြစ်သည့် Lee Jung Jae နှင့် Jung Woo Sung တို့၏ ခင်မင်ရင်းနှီးမှုမှာ နှစ်များစွာကြာသည့်တိုင် ခိုင်မြဲနေမှုရှိကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Lee Jung Jae နှင့် Jung Woo Sung တို့နှစ်ဦး အင်တာဗျူးတစ်ခုတွင် လူအများမေးကြသည့် နှစ်ကြာရှည်စွာ ခင်မင်မှုမှာ ရိုးရှင်းကြောင်း၊ သူတို့အချင်းချင်း ပိုင်ရှင်အဖြစ် မမှတ်ယူကြဘဲ တောင်းဆိုမှုမရှိ၊ ပေးကမ်းခြင်းနှင့် ပိုချစ်ရန်သာ သိခဲ့ကြောင်း တစ်ဦး၏ ပျော်ရွှင်မှု၊ အောင်မြင်မှုမှာ အဆုံးမရှိ အပြန်အလှန်ချစ်ခြင်းမေတ္တာသာရှိခဲ့၍ ဖြစ်ကြောင်း၊ ဘဝတွင် အပျော်ရွှင်ဆုံးနှင့် အပြည့်စုံဆုံးအချိန်မှာ တစ်ဦးကို တစ်ဦး တိတ်ဆိတ်စွာ ငေးကြည့်နေခြင်းသာဖြစ်ကြောင်း ပြောကြားထားသည်။

ကမ္ဘာတစ်ခုလုံးထက် တန်ဖိုးကြီးလူသားတစ်ဦးကို ပိုင်ဆိုင်ထားမိ၍ ကံကောင်းကာ တစ်သက်တာ အတူရှိနေမှုက ရတနာတစ်ခုဖြစ်ခဲ့ပြီး ယုံကြည်မှုနှင့် လျှို့ဝှက်ချက်မရှိမှုက ကြာရှည်ခံခဲ့၍ နှစ်များစွာတိုင် လက်တွဲထားနိုင်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

(SKY)

## Pondphuwin က ကမ္ဘာကျော် Helicopter သီချင်း အသက်သွင်း

ထိုင်းအနုပညာရှင် Pondphuwin သည် ခေတ်လွန်နှင့် ခေတ်ပေါင်းပေါင်းစပ်မှုများဖြင့် ဂီတကိုပုံဖော်ခဲ့ရာမှ ကမ္ဘာကျော် Helicopter သီချင်းကိုလည်း အသက်သွင်းခဲ့သူဖြစ်ကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

Pondphuwin သည် မျိုးဆက်သစ်လူငယ်များကြား ရေပန်းစားနေကာ ခေတ်ပေါင်းဘုရင်ဝတ်စုံနှင့် ခေတ်လွန်သီချင်း သီဆိုဖျော်ဖြေမှုနှင့် ပရိသတ်အားပေးမှုကို ရရှိထားသည်။

ကမ္ဘာကျော် Helicopter သီချင်းတွင်လည်း ဟယ်လီကော်ပတာစီး၍ စတိတ်စင်မြင့်ထက် ရောက်ရှိလာကာ ဂီတစွမ်းရည်ကို ထုတ်ဖော်ပြသခဲ့၍ ကမ္ဘာ့ပရိသတ်ကြား၌ လူကြိုက်များခဲ့သည်။

ချောမောခန့်ညားသောရုပ်ရည်၊ ဖက်ရှည်စတိုင်ကျနမှုနှင့်အတူ ခေတ်လွန်နှင့်ခေတ်ပေါင်း ပေါင်းစည်းမှု စတိုင်လ်သစ်နှင့် အနုပညာခရီးကို လမ်းသစ်ဖောက်ခဲ့သူဖြစ်၍ လူငယ်ထုကြား ရေပန်းစားနေသည့် ဟယ်လီကော်ပတာသီချင်းကို အသက်သွင်းခဲ့သူဖြစ်သည်။(SKY)





## ပေါ့ပလာပင်ငယ်များ ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို စမ်းသပ်သိရှိနိုင်ပြီး ကွေးကောက်နေသော ပင်စည်များကို ပြန်လည်ဖြောင့်မတ်နိုင်

ပေါ့ပလာပင်ငယ်များသည် ၎င်းတို့၏ပင်စည်များ ကွေးကောက်နေသည်ကို စမ်းသပ်သိရှိနိုင်ပြီး ကြွက်သားကဲ့သို့ ဆွဲအားပေးနိုင်သော သစ်သားဖြစ်ပေါ်သည့်နေရာကို ပြောင်းလဲပေးခြင်းဖြင့် ပင်စည်များကို ပြန်လည်ဖြောင့်မတ်နိုင်စွမ်းရှိကြသည်။ အလင်းရောင်(သို့မဟုတ်)ကမ္ဘာ့ဆွဲအားကဲ့သို့ လမ်းကြောင်းပြလမ်းညွှန်ချက်များ မရှိသည့်တိုင် ပေါ့ပလာပင်ငယ်များသည် ကွေးကောက်နေသော ပင်စည်များကို ပြန်လည်ဖြောင့်မတ်အောင် လုပ်ဆောင်နိုင်သည်။ ပြင်သစ်သုတေသီများ၏ စမ်းသပ်မှုတစ်ခုတွင် အပင်များသည် မိမိတို့၏သဏ္ဌာန်ကို စမ်းသပ်သိရှိနိုင်စွမ်းကို အသုံးပြု၍ သီတင်းပတ်အနည်းငယ်အတွင်း ကွေးကောက်နေမှုများကို ပြန်လည်ပြုပြင်ခဲ့ကြသည်။

ပြင်သစ်စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားသုတေသနအဖွဲ့နှင့် ကလဲမွန့်တက္ကသိုလ်မှ သုတေသီများက အဆိုပါပြုပြင်ညှိနှိုင်းမှုသည် သီးသန့်သစ်သားအမျိုးအစားကြောင့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ သစ်သားအမျိုးအစားသည် ကျုံ့နိုင်ပြီး ပင်စည်ကို ပြန်လည်ဆွဲယူနိုင်သောကြောင့် ကြွက်သားတစ်ခုကဲ့သို့ ပြောင်းလဲနိုင်ကြောင်း သိရသည်။ (SCI)

## Ahn Ha Young မိသားစုပိုင်ဆိုင်မှုစာရင်း ဖော်ထုတ်ခံရ

မျိုးဆက်သစ်အနုပညာရှင် မင်းသမီး အန်ဟာယောင်၏ စကားအမှားတစ်ခွန်းကြောင့် မျိုးရိုးစဉ်ဆက် ဖော်ထုတ်ခံရသည့်အပြင် မျိုးရိုးစဉ်ဆက် မိသားစုပိုင်ဆိုင်မှုစာရင်းပါ ဖော်ထုတ်ခံရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အန်ဟာယောင်၏ မိသားစုပိုင်ဆိုင်မှုကို စတင်စစ်ဆေးချိန်တွင် ဂျပန်ခေတ်က အဘေး(အန်ဆောင်ဟို)၏ ပိုင်ဆိုင်မှုမှာ ဂန်ပိုဒေသ Gyeonbu ရထားလမ်းဘေး စပါးခင်းမြေ ၂ ဒသမ ၂ ဧက၊ ၁၉၀၉ ခုနှစ် ဂျပန်လူမျိုး သစ်တောစောင့်၄၁း ရမ်းထိန်းသိမ်းခဲ့သည့် တောင်တစ်ပြင်လုံးနှင့် သစ်တောမြေများစွာ၊ Jong-no လမ်းမကြီးပေါ်မှ ဆေးခန်းနှင့် Anyang ဘူတာဝန်းကျင်မှ မြေကွက်ကျယ်ဧကပေါင်းများစွာကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

အဆိုပါ(အန်ဆောင်ဟို)၏ ပိုင်ဆိုင်မှုများကို ကိုရီးယားပြည်သူများ မုန်းတီးမှုပိုမိုကြီးထွားခဲ့ကာ တိုင်းပြည်ကို ဂျပန်သို့ရောင်းစားသူများစာရင်းတွင် ထည့်ခဲ့ကြသည်။ အန်ဟာယောင် ရိုက်ကူးမည့် The Long Shot Trial ထုတ်လုပ်ရေးအဖွဲ့မှလည်း ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းအတွက် ရှုထောင့်ပေါင်းစုံမှ သုံးသပ်နေကြကာ အနုပညာလောကမှ ကွယ်ပျောက်လုနီးပါးဖြစ်နေသည်။ (SKY)

## Park Jeong Min က The Face နှင့် ဘိတ်ဆန်းဆုရရှိ

(၆၂)ကြိမ်မြောက် ဘိတ်ဆန်းအနုပညာဆုပေးပွဲတွင် ရုပ်ရှင်ကဏ္ဍအမျိုးသားအကောင်းဆုံးသရုပ်ဆောင်ဆုကို The Face နှင့် ပတ်ခ်ျောင်မင်းက ရရှိသွားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင် The Face တွင် ပတ်ဂျောင်မင်က ဇာတ်ရုပ်နှစ်ခုကို နှစ်ကိုယ်ခွဲကာ ပြတ်ပြတ်သားသားဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့သည့် လွှမ်းမိုးမှုရှိသော ဇာတ်ကောင်သရုပ်ဆောင်မှုဖြင့် ဇာတ်လမ်းကို အားကောင်းစွာ ဦးဆောင်နိုင်ခဲ့၍ ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းခံရသည့်အပြင် ချီးကျူးမှုလည်း များစွာ ရရှိခဲ့သည်။

ပတ်ခ်ျောင်မင်က ကျေးဇူးတင်စကားပြောကြားရာတွင် ကျေးဇူးတင်ထိုက်သူအားလုံးအပြင် မိဘနှစ်ပါးနှင့် ရန်ဖြစ်ထားသည့် ညီမကိုပါ ကျေးဇူးတင်ခဲ့၍ ပရိသတ် ပွဲကျခဲ့ကြသည်။ ရိုးရှင်းသောနေထိုင်မှုပုံစံနှင့် သဘာဝမင်းသားပတ်ခ်ျောင်မင်ကို ပရိသတ်က တစ်ခဲနက် အားပေးချီးကျူးထားကြသည်။ (SKY)



# ဘုရင် ကားလ် ၁၆ ဆက်မြောက် ဂူးစတပ်ဖ်၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတ သာမန်ရှမ်းမူဂရတ်နမ် ဆွီဒင်သို့ သွားရောက်မည်



**စင်ကာပူ အောက်တိုဘာ ၁၇**

စင်ကာပူသမ္မတ သာမန်ရှမ်းမူဂရတ်နမ်သည် ဆွီဒင်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆွီဒင်ဘုရင် ကားလ် ၁၆ ဆက်မြောက် ဂူးစတပ်ဖ်၏ ဖိတ်ကြားချက်အရ သွားရောက်သည့် ယင်းခရီးစဉ်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလက ဆွီဒင်ဘုရင်၏ စင်ကာပူနိုင်ငံခရီးစဉ်အပြီးတွင် ပေါ်ပေါက်လာခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်လည်းဖြစ်သည်။

စတော့ဟုမ်းမြို့ရှိ တော်ဝင်နန်းတော်တွင် သမ္မတ သာမန်အား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားဖြင့် ကြိုဆိုမည်ဖြစ်ပြီး ဘုရင်နှင့် မိဖုရား ဆီးလ်ဗီးယားတို့က နိုင်ငံတော်အဆင့် ဂုဏ်ပြုညစာစားပွဲဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အဆုတ်ခွဲစိတ်ကုသမှုခံယူခဲ့ရသော ပုပ်ရဟန်းမင်းကြီး လီယို(၁၄) ဆေးရုံတွင် ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်



**ရောမ အောက်တိုဘာ ၁၇**

ယခင်သီတင်းပတ် အစောပိုင်းက အဆုတ်ခွဲစိတ်ကုသမှု ခံယူခဲ့ရသော ပုပ်ရဟန်းမင်းကြီး လီယို(၁၄)သည် ဆေးရုံတွင် ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်လာပြီဟု ၎င်း၏ဆရာဝန်များနှင့် ဗာတီကန်နိုင်ငံတို့က အတည်ပြုပြောကြားကြောင်း သိရသည်။

အဆုတ်ကင်ဆာရောဂါခံစားနေရသည့် အသက် (၇၁)နှစ်အရွယ်ရှိ အဆိုပါ ကက်သလစ်ခေါင်းဆောင်သည် ညာဘက်အဆုတ်၏အစိတ်အပိုင်းကို ဖယ်ရှားသည့် ခွဲစိတ်မှုကို အောက်တိုဘာ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ယခုအခါ ၎င်းသည် ပုံမှန်နေ့စဉ် လုပ်ငန်းဆောင်တာများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ပြီဖြစ်ရာ အောက်တိုဘာ ၁၈ ရက်တွင် လူထုရှေ့မှောက်သို့ ထွက်ပေါ်လာရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

## ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားခရီးသွားများထံမှ ဈေးနှုန်းပိုမိုကောက်ခံရေး သီးခြားလုပ်ငန်းရှင်များ၏ ဆုံးဖြတ်ချက်အတိုင်းသာ လွှတ်ထားမည်

**တိုကျို အောက်တိုဘာ ၁၇**

ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အာဏာပိုင်များသည် ခရီးသွားများ ပြည့်နှက်မှုကို ထိန်းချုပ်ရန် ကြိုးပမ်းနေစဉ်အတွင်း နိုင်ငံခြားသားခရီးသွားများထံမှ ဈေးနှုန်းပိုမိုကောက်ခံရေးကိစ္စအား သီးခြားလုပ်ငန်းရှင်များ၏ ဆုံးဖြတ်ချက်အတိုင်းသာ လွှတ်ထားမည်ဟု ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းအေဂျင်စီ၏ ကော်မရှင်နာ နိုရီအိုကီမူရာသည် အောက်တိုဘာ ၁၃ ရက်က ဂျပန်နိုင်ငံခြားသတင်းထောက်များ ဗဟိုဌာနက နိုင်ငံခြားသတင်းထောက်များအတွက် စီစဉ်ကျင်းပသည့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် အဆိုပါရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံခြားသားဧည့်သည်များထံမှ ဂျပန်နိုင်ငံသားများထက် ယာဉ်စီးခနှင့် ဝင်ကြေးပိုမိုကောက်ခံသည့် နှစ်မျိုးခွဲ ဈေးနှုန်းသတ်မှတ်မှုအပေါ် မေးမြန်းရာတွင် ''အစိုးရအနေနဲ့ နိုင်ငံခြားသားခရီးသွားတွေအတွက် နှုန်းထားတွေပေါ် မှတ်ချက်ပေးမှာ မဟုတ်ပါဘူး''ဟု ကီမူရာက အတိအလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ ဘင်းသန်း-ဆူအိတန်း မက်ထရိုရထားလိုင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဝန်ဆောင်မှု ၅၃ မိနစ် ဆိုင်းငံ့ခဲ့ရ

**ဟနွိုင်း အောက်တိုဘာ ၁၇**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ ဘင်းသန်း-ဆူအိတန်း မက်ထရိုရထားလိုင်းသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် မီးရထား ၁၄ စင်း ပြေးဆွဲမှု အနှောင့်အယှက်ဖြစ်ခဲ့ပြီး ခရီးသည်များကို ဘူတာရုံများတွင် ဆင်းသက်စေခဲ့ကာ ၅၃ မိနစ်ကြာ ဝန်ဆောင်မှု ဆိုင်းငံ့ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသားဓာတ်အား လွှတ်စနစ်တွင် ချို့ယွင်းချက်ဖြစ်ပေါ်ခဲ့သဖြင့် နံနက် ၇ နာရီ ၄ မိနစ်ခန့်တွင် ၂၂၀ ကီလိုဗို့ သုဒ်ဓာတ်အားခွဲရုံတစ်ခုလုံး လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခြင်းကြောင့် အဆိုပါ မတော်တဆဖြစ်စဉ် စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းအချိန်တွင် ပြေးဆွဲနေသည့် မီးရထားများကို အနီးဆုံး ဘူတာရုံများသို့ ဦးတည်မောင်းနှင်စေခဲ့ပြီး ခရီးသည်များအား ရထားပေါ်မှဆင်း၍ ဝန်ဆောင်မှုများ ပြန်လည်စတင်ချိန်အထိ စောင့်ဆိုင်းခိုင်းခဲ့ကြောင်း သိရသည်။

**Mon**



## ကမ္ဘောဒီးယား၌ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အစိမ်းရောင်ကော်ဖီစေ့ ဒေါ်လာ သန်း ၇၀ ကျော်ဖိုး ပြည်ပမှ တင်သွင်းနေရ

**ဖနွမ်းပင် အောက်တိုဘာ ၁၇**

ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အပါအဝင် အဓိကတင်သွင်းသည့် နိုင်ငံများထံမှ နှစ်စဉ် အစိမ်းရောင်ကော်ဖီစေ့ အမေရိကန်ဒေါ်လာ သန်း ၇၀ ကျော်ဖိုး တင်သွင်းနေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ကော်ဖီစေ့ တန်ချိန် ၁၂၀၀၀ ကို တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၆၀၀၀ နှုန်းဖြင့် တင်သွင်းခဲ့သဖြင့် စုစုပေါင်း တင်သွင်းမှုတန်ဖိုး ဒေါ်လာ သန်း ၇၀ ကျော်ရှိခဲ့ကြောင်း ကမ္ဘောဒီးယားကော်ဖီအသင်းဥက္ကဋ္ဌ ဒပ်ပီဆက်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၎င်းနိုင်ငံသည် နှစ်စဉ် ကော်ဖီတန်ချိန် ၁၀၀၀၀ ခန့်ကို ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ပြင်သစ်၊ အီတလီ၊ အမေရိကန်၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံတို့မှ အဓိက တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## မက္ကဆီကိုနိုင်ငံ ဘာဟာကယ်လီဖိုးနီးယားကမ်းလွန်တွင် လေယာဉ်နစ်မြုပ် အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က လူ ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့




**ဝါရှင်တန် အောက်တိုဘာ ၁၇**

မက္ကဆီကိုနိုင်ငံ ဘာဟာကယ်လီဖိုးနီးယားကမ်းလွန်တွင် လှေတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် ပစိဖိတ်သမုဒ္ဒရာအတွင်းမှ လူ ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်ဟု အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လှေတစ်စင်း နစ်မြုပ်နေကြောင်း အရေးပေါ်အကူအညီတောင်းခံသည့် မေးဒေးသတင်းပေးပို့ချက်ကို ရရှိခဲ့သဖြင့် သွားရောက်ကူညီခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေဆဲဟု ယူဆရသည့် လူ ၁၁ ဦးကိုမူ ဆက်လက်ရှာဖွေလျက်ရှိသည်။ အဆိုပါလှေသည် မက္ကဆီကိုနိုင်ငံ အန်ဆီးနားဒါးမြို့၏ အနောက်ဘက် ၂၂၅ ကီလိုမီတာ (မိုင် ၁၄၀)အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၁၆ ရက် နံနက် ၁ နာရီ(ဂရင်းနစ်စံတော်ချိန် ၀၈:၀၀ နာရီ)ခန့်တွင် လှေပေါ်ရှိသူတစ်ဦး၏ အရေးပေါ်အကူအညီတောင်းခံမှုအပြီး နှစ်နာရီခန့်အကြာတွင် ကယ်ဆယ်ရေး ဟယ်လီကော့ပတာ ရောက်ရှိခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ ဒုတိယဗိုလ် စန္ဒီယာကို တမ်ဘူရီနီက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဈေးများမီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး



**ပျော်ဘွယ် အောက်တိုဘာ ၁၇**

ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဈေးများ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးလုပ်ငန်းများနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက စည်ပင်သာယာ မြို့မဈေး၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ကွင်းဆင်းဆောင်ရွက်ရာသို့ ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်မျိုး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဆန်းနှင့် မြို့နယ်ရှိ သက်ဆိုင်ရာဌာနများ ပါဝင်သောအဖွဲ့တို့သည် မြို့မဈေးအတွင်းရောင်းချလျက်ရှိသော ဈေးဆိုင်များ၌ ကောင်းမွန်သည့် မီးသတ်ဆေးဘူးများ အသင့်ထားရှိမှု၊ ရေရရှိ သိုလှောင်ထားမှု၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်ဆောင်ရွက်ထားမှု၊ ဆိုင်ခန်းများတိုးချဲ့မှုကြောင့် ထွက်ပေါက်လမ်းများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ဈေးများ မီးဘေးလုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာဈေးများသို့ ကွင်းဆင်း၍ စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မင်းမင်းထွေး(ပျော်ဘွယ်)**

## စာသင်ကျောင်းဆောင် မီးလောင်ကျွမ်းမှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ချည်စက်ရပ်ကွက်အတွင်းရှိ အ.ထ.က(ချည်စက်)၌ (၁၄၀ × ၃၀)ပေ၊ (၄) ခန်းတွဲ(၂)ထပ်၊ သွပ်မိုး၊ RC အဆောက်အအုံ အပေါ်ထပ် ဆုရတနာ စာသင်ကျောင်းဆောင် အခန်းတွင် မီးလောင်မှု အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင်နှင့်တပ်ဖွဲ့ဝင်များမှ သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းဆောင်အပေါ်ထပ် Grade12(B) အခန်းအတွင်းရှိ ဋမ်းစောင်(၁၅) ထည်နှင့် Breaker ခုံ တစ်ခု မီးလောင်ဆုံးရှုံးနေသည်ကို တွေ့ရှိခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်သည့်အကြောင်းအရင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူတို့အား ဥပဒေအရအရေးယူရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(မိုးသီး)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပြင်ဦးလွင်မြို့နယ် မီးသတ်ကွေ့တွင် မိုးရွာသွန်း၍ လမ်းချော်ကာ ကားငါးစီး တိုက်မိ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ မီးသတ်ကွေ့တွင် အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီက မိုးရွာသွန်းမှုကြောင့် လမ်းချော်ကာ ကား ငါးစီးတိုက်မိမှုဖြစ်ပွားခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



အဆိုပါ ယာဉ်တိုက်မှုသည် ပြင်ဦးလွင်မြို့ဘက်သို့ အဆင်းလမ်းရှိ မီးသတ်ကွေ့နေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် လမ်းမျက်နှာပြင် စိုစွတ်ချော်နေချိန် ယာဉ်များ တိုက်မိမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ကားငါးစီး ထိခိုက်ပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါသူအချို့ ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နီးစပ်ရာ ပရဟိတလူမှုကူညီရေးအသင်းများက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကာ ဒဏ်ရာရရှိသူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ **(ဝဲပုံ)**

မိုးရွာသွန်းချိန်တွင် လမ်းများ စိုစွတ်ချော်နေခြင်းကြောင့် ယာဉ်မောင်းများအနေဖြင့် အရှိန်လျှော့မောင်းနှင်ခြင်း၊ ရှေ့ယာဉ်နှင့် လုံလောက်သော အကွာအဝေးထားရှိခြင်းနှင့် ကွေ့များတွင် အထူးသတိပြုမောင်းနှင်ခြင်းတို့ကို လိုက်နာသင့်သည်။

ယာဉ်တိုက်မှုဖြစ်ပွားရာ နေရာသို့ နီးစပ်ရာ ပရဟိတလူမှုကူညီရေးအသင်းများက အမြန်သွားရောက်၍ ဒဏ်ရာရရှိသူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**
**(မန္တလေးနေ့စဉ်)**

## နောင်ချိုမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နောင်ချို အောက်တိုဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီက နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မျိုးမြင့်ဆိုသူမောင်းနှင်ပြီး မနီလာဝင်းဆိုသူလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း၌ သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူအလေးချိန် ၁၁၀ ဂရမ်၊ စိတ်ကြွဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မျိုးမြင့်(၄၃)နှစ်နှင့် နီလာဝင်း(၄၂)နှစ်ဆိုသူတို့အား နောင်ချိုမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကိုဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* — * — * — * — * — *

ဥပဒေ
ဘောင်တွင်း
နေထိုင်ခြင်း၊
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ။





## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက် (၁၁၅/၁၂၀)အတွင်း၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးမှုကို အောင်မြေသာစံမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင်နှင့် ရာအိမ်မှူးများ ပူးပေါင်းအဖွဲ့က အောင်မြေသာစံရပ်ကွက်၊အကွက်(၁၁၅/၁၂၀)ရှိ အိမ်ခြေ ၁၂၅ အိမ်၊ အိမ်ထောင်စု ၁၅၀ စု၊ လူဦးရေ ၁၅၀၀ ဦးအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ၁၉၁ Report Application ကို ပြည်သူများ အသုံးပြုရေး ကွင်းဆင်းထည့်သွင်းပေးခြင်း၊ ရေရှိရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) အောင်ပိုင်ဟိန်း**



## စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၁၂ ရက် ညနေ ၅နာရီ မိနစ်၂၀က တာချီလိတ်မြို့နယ်၊ ဟိုနား(မဟင်လုံ)ကျေးရွာနေ မမီဖာဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မီဖာ(၄၇)နှစ်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* — * — * — * — * — *

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး




နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်းပြီးစီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့်အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ၅ ထပ်အဆောက်အအုံ ၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် ဖျက်ဆီးရန်ကျန်အဆောက်အအုံ ၅၈ လုံး ကျန်ရှိကာ ၎င်းတို့အားလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၆ ရက် တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Swe Swe Thi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်နေ လေးနွယ်အား ညနေ ၄ နာရီ ၂၀ မိနစ်တွင် သဃ်န်းကျွန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး အောက်တိုဘာ ၁၇**

မိဘပြည်သူများအနေဖြင့် ကျန်းမာရေးအသိပညာဗဟုသုတများ ရရှိစေရေးနှင့် ပြင်းထန်အယ်လ်နီညိုနှင့် အပူဒဏ်အကြောင်း သိရှိစေရေးတို့အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးထွန်းထွန်းဝင်း၏ ကြီးကြပ်မှုဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းဆောင်ရွက်ကြသည်။

အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်အတွင်း လူစည်ကားသည့် ဈေးအတွင်းရှိ ကုန်ရောင်း၊ ကုန်ဝယ်ပြည်သူများ၊ ကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ဆိုင်ကယ်များနှင့် ကားများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၀၅၀)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်



**စဉ့်ကူး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို စဉ့်ကူးမြို့ မြို့မဈေးအတွင်း၌ ယနေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အသိပညာပေး ဟောပြောရာတွင် စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းပြည့်ကျော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်သူများအား အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသပြီး ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့လေ့ကျင့်ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်းရှိ ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှု၍ ဆောင်ရန်၊ ရှောင်ရန် အချက်များအား မှာကြားခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ အတွင်းရေးမှူး ရဲမှူးထွန်းထွန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲစည်သူအောင်နှင့် ဝန်ထမ်းများ၊ စဉ့်ကူးမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**တင်စာလင်း(ပြန်/ဆက်)**

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ဖင်နီဇီယာ | ၁ | - | ၀ | နာပိုလီ |
| ဘိုလော့ဂ်နာ | ၁ | - | ၃ | အင်တာမီလန် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| အက်စ်ပန်ညို | ၀ | - | ၁ | အက်သလက်တီကို |
| ဗီလာရီးရဲလ် | ၀ | - | ၀ | အယ်လ်ချီ |
| ဘက်တစ် | ၂ | - | ၅ | ဘာစီလိုနာ |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| စထာရာဘော့စ် | ၁ | - | ၃ | ပီအက်စ်ဂျီ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ယူနီယံဘာလင် | ၀ | - | ၀ | ဒေါ့မွန် |
| ဘိုင်ယန်မြူးနစ် | ၆ | - | ၁ | လိုက်ပဇစ် |

# နိုင်ငံတကာ အားကစား သတင်းများ

## ဆန်းတို့စ် ညာဘက်ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**ပါရီ အောက်တိုဘာ ၁၇**

လိုင်လီအသင်းနောက်ခံကစားသမား ဆန်းတို့စ်သည် ညာဘက်ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လိုင်လီအသင်းက လီဟာဗာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး လူနာတင်ထမ်းစဉ်ဖြင့် ထွက်ခွာခဲ့ရသည်။

နောက်ခံကစားသမား ဆန်းတို့စ်သည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းကြောင့် လိုင်လီအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဆန်းတို့စ်သည် လိုင်လီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ ပွဲ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အောက်ပုံ) (NGB)**





## ဝုဖ်အသင်းက ဘန်လေအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၇**

အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဝုဖ်အသင်းနှင့် ဘန်လေအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝုဖ်အသင်းက ဘန်လေအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝုဖ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် လိုပက်ဇ်၊ ပွဲချိန် ၇၂ မိနစ်တွင် ချီရီဝါတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဝုဖ်အသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၁ ရက်တွင် ပို့စ်စမောက်အသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဂျေဒန်ဆန်ချိုကို ခေါ်ယူရန် ဂီတာဖေးအသင်း ကမ်းလှမ်း

**မက်ဒရစ် အောက်တိုဘာ ၁၇**

ဂီတာဖေးအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော တောင်ပံကစားသမား ဂျေဒန်ဆန်ချိုကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် မန်ယူ၊ ဒေါ့မွန်၊ ချဲလ်ဆီး၊ အက်စတွန်ဗီလာ စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဂီတာဖေးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဂျေဒန်ဆန်ချိုကိုယ်တိုင်ကလည်း အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဂီတာဖေးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဂျေဒန်ဆန်ချိုကို ဂီတာဖေးအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## 2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Clara Burel တက်ရောက်

**လန်ဒန် အောက်တိုဘာ ၁၇**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်မယ် Clara Burel တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Clara Burel သည် 2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Zuleta De Reales အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်မယ် Clara Burel နှင့် စပိန်တင်းနစ်မယ် Jessica Bouzas Maneiro တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ) (NGB)**



### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၁၀-၂၀၂၆ တနင်္ဂနွေနေ့ | ညနေ ၃:၃၀ နာရီ | ဟံသာဝတီ - ရတနာပုံ | ဟံသာဝတီ ၀-၁ ရတနာပုံ<br>ရတနာပုံ ၁-၄ ဟံသာဝတီ |
| ။ | ။ | မဟာ - ဒဂုံ | မဟာ ၂-၂ ဒဂုံ<br>ဒဂုံ ၁-၀ မဟာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | ဘုန်းမောက် - ဆန်းဒါးလန်း | ဘုန်းမောက် ၁-၁ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၃-၂ ဘုန်းမောက် |
| ။ | ဘရိုက်တန် - ပဲလေ့စ် | ဘရိုက်တန် ၀-၁ ပဲလေ့စ်<br>ပဲလေ့စ် ၀-၀ ဘရိုက်တန် |
| ။ | လီဒ်စ် - မန်ယူ | လီဒ်စ် ၁-၁ မန်ယူ<br>မန်ယူ ၁-၂ လီဒ်စ် |
| ၁၈-၁၀-၂၀၂၆ ည ၁၁:၀၀ နာရီ | နော်တင်ဟမ် - အာဆင်နယ် | နော်တင်ဟမ် ၀-၀ အာဆင်နယ်<br>အာဆင်နယ် ၃-၀ နော်တင်ဟမ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၁၀-၂၀၂၆ ညနေ ၆:၃၀ နာရီ | အိုဆာဆူနာ - ရေးဆင်း | အိုဆာဆူနာ ၀-၂ ရေးဆင်း<br>ရေးဆင်း ၂-၄ အိုဆာဆူနာ |
| ၁၈-၁၀-၂၀၂၆ ည ၈:၄၅ နာရီ | ဆဲလ်တာဗီဂို - အလာဗက်စ် | ဆဲလ်တာဗီဂို ၃-၄ အလာဗက်စ်<br>အလာဗက်စ် ၀-၁ ဆဲလ်တာဗီဂို |
| ၁၈-၁၀-၂၀၂၆ ည ၁၁:၀၀ နာရီ | မာလာဂါ - ဆိုစီဒက် | မာလာဂါ ၂-၀ ဆိုစီဒက်<br>ဆိုစီဒက် ၀-၂ မာလာဂါ |
| ၁၉-၁၀-၂၀၂၆ နံနက် ၀၁:၃၀နာရီ | ရီးရဲလ်မက်ဒရစ် - ဆီဗီလာ | ရီးရဲလ်မက်ဒရစ် ၂-၀ ဆီဗီလာ<br>ဆီဗီလာ ၀-၁ ရီးရဲလ်မက်ဒရစ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | အန်ဂါးစ် - မာဆေးလ် | အန်ဂါးစ် ၂-၅ မာဆေးလ်<br>မာဆေးလ် ၂-၂ အန်ဂါးစ် |
| ၁၈-၁၀-၂၀၂၆ ည ၉:၄၅ နာရီ | လီဟာဗာ - အော်ဇေး | လီဟာဗာ ၁-၁ အော်ဇေး<br>အော်ဇေး ၀-၁ လီဟာဗာ |
| ။ | လိုရီယန့် - မိုနာကို | လိုရီယန့် ၃-၁ မိုနာကို<br>မိုနာကို ၁-၃ လိုရီယန့် |
| ။ | ပဲရစ် - ရင်းနက်စ် | ပဲရစ် ၀-၁ ရင်းနက်စ်<br>ရင်းနက်စ် ၂-၁ ပဲရစ် |
| ၁၉-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | လိုင်ယွန် - နိစ် | လိုင်ယွန် ၂-၀ နိစ်<br>နိစ် ၃-၂ လိုင်ယွန် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၁၀-၂၀၂၆ ညနေ ၅:၀၀ နာရီ | အူဒီးနိစ် - လက်ချီ | အူဒီးနိစ် ၃-၂ လက်ချီ<br>လက်ချီ ၂-၁ အူဒီးနိစ် |
| ၁၈-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | ဖီအိုရင်တီးနား - ကိုမို | ဖီအိုရင်တီးနား ၁-၂ ကိုမို<br>ကိုမို ၁-၂ ဖီအိုရင်တီးနား |
| ၁၈-၁၀-၂၀၂၆ ည ၁၀:၃၀ နာရီ | အေစီမီလန် - အတ္တလန္တာ | အေစီမီလန် ၂-၃ အတ္တလန္တာ<br>အတ္တလန္တာ ၁-၁ အေစီမီလန် |
| ၁၉-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ဂျူဗင်တပ် - လာဇီယို | ဂျူဗင်တပ် ၂-၂ လာဇီယို<br>လာဇီယို ၁-၀ ဂျူဗင်တပ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၁၀-၂၀၂၆ ည ၈:၀၀ နာရီ | လေဗာကူဆင် - ဖရိုင်းဘတ် | လေဗာကူဆင် ၂-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၃-၃ လေဗာကူဆင် |
| ၁၈-၁၀-၂၀၂၆ ည ၁၀:၀၀ နာရီ | မိုချန်ဂလာဘတ် - ဟော်ဖန်ဟိမ်း | မိုချန်ဂလာဘတ် ၄-၀ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၅-၁ မိုချန်ဂလာဘတ် |



## အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း(၃/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပ

**စဉ့်ကိုင် အောက်တိုဘာလ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၃/၂၀၂၆)ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်အောင်မြင်ရပ်ကွက်၊ မြသီတာပန်းခြံအတွင်းရှိ မြို့နယ်ခန်းမ၌ ကျင်းပခဲ့ရာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် အဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ စုစုပေါင်း ၁၆၀ ဦးခန့် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသားများအား သင်တန်းပို့ချဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းတွင် စာပေထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဓာတ်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ သီတင်းကျွတ်မီးထွန်းပွဲတော် အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အလိုတော်ပြည့်ဘုရားအနီး မီးပုံးပျံလွှတ်တင်မည့် ကွင်း(၁)၊ ကွင်း(၂)၊ ကွင်း(၃)၊ ကွင်း(၄) တို့တွင် မီးပုံးပျံလွှတ်တင်နိုင်ရေး ညောင်ဦးခရိုင် စီမံခန့်ခွဲရေးကော်မတီမှ လိုအပ်သည်များနှင့် စီစဉ်ဆောင်ရွက်ထားရှိမည့်အစီအစဉ်များနှင့် ရွှေစည်းခုံဘုရားတွင် ဆီမီး ၅၀၀၀ ၊ အလိုတော်ပြည့်ဘုရား ဆီမီး ၃၀၀၀ ၊ လောကနန္ဒာဘုရား ဆီမီး ၃၀၀၀ ၊ အာနန္ဒာဘုရား ဆီမီး ၃၀၀၀ ၊ မနုဟာဘုရား ဆီမီး ၁၀၀၀၊ ကန်တော့ပလ္လင်ဘုရား ဆီမီး ၁၅၀၀၊ ထီးလိုမင်းလိုဘုရား ဆီမီး ၂၀၀၀၊ ဓမ္မရာဇကဘုရား ဆီမီး ၃၀၀၀၊ ရွှေဆံတော်ဘုရား ဆီမီး ၁၅၀၀၊ တုရင်တောင်စွယ်တော်ဘုရား ဆီမီး ၂၀၀၀၊ ဗူးဘုရား ဆီမီး ၁၀၀၀၊ မြစေတီဘုရား ဆီမီး ၁၀၀၀၊ ငှက်ပစ်တောင်ဘုရား ဆီမီး ၁၀၀၀၊ ရှင်အရှင်္ဂေါဏာဘုရား ဆီမီး ၁၀၀၀၊ ဓမ္မရံကြီးဘုရား ဆီမီး ၁၅၀၀၊ စူဠာမဏိဘုရား ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်နိုင်ရေးတို့အား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ အလိုတော်ပြည့်ဘုရားအနီး မီးပုံးပျံလွှတ်တင်ရေးကွင်းနေရာ မုခ်ဦးတည်ဆောက်ရေး၊ ရွှေစည်းခုံဘုရားတောင်ဘက် မေတ္တာစောင်းတန်း သီတင်းကျွတ်ကာလ လျှပ်စစ်မီးအလှဆင်ထားရှိနိုင်ရေး၊ သီတင်းကျွတ်မီးထွန်းပွဲတော် မုခ်ဦးတည်ဆောက်ပြီး ရိုးရာမီးပုံးများချိတ်ဆွဲနိုင်ရေး၊ ရိုးရာမုန့်ဈေးတန်းများပါဝင်ရောင်းချနိုင်ရေး၊ MSMEs လုပ်ငန်းရှင်များ ဈေးရောင်းချနိုင်ရေး၊ အညာရေနွေးကြမ်းဝိုင်းများတွင် ရိုးရာအစားအစာများဖြစ်သည့် လက်ဖက်သုပ်၊ ပဲကြော်၊ ရိုးရာမုန့်၊ အညာဒေသထွက် ထန်းမြစ်များဖြင့် ရေနွေးကြမ်းဝိုင်းများ ပြင်ဆင်နိုင်ရေးတို့အား ဆပ်ကော်မတီ အသီးသီးကတင်ပြခဲ့ကြရာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**



## စံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် တောင်တွင်းကြီးမြို့နယ်၊ စံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ရာ မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် (VDP) စီမံကိန်းတာဝန်ခံဝန်ထမ်းများက ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပံ့ငွေကျပ် ၁၅၀သိန်းနှင့် ကျေးရွာနေပြည်သူလူထု ထည့်ဝင်ငွေကျပ် သိန်း ၆၀ ၊ စုစုပေါင်း ငွေကျပ် သိန်း ၂၁၀ဖြင့် စံပြကျေးရွာတွင် အရှည် ပေ ၅၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထုအတိုင်းအတာရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ယခုလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက စံပြကျေးရွာတွင် နေထိုင်ကြသော ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာရ လွယ်ကူမည်ဖြစ်ပြီး လူမှုရေး၊ကျန်းမာရေးနှင့်စီးပွားရေး လုပ်ငန်းများတွင် အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဓာတ်ပုံ) နွဲ့ယဉ်**

## ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**စစ်ကိုင်း အောက်တိုဘာ ၁၇**

နိုင်ငံ့စီးပွားရန်ပုံငွေမှ စစ်ကိုင်းခရိုင်အတွင်းရှိ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး မြတ်ဖေယျာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက တောင်သူများအား ချေးငွေထုတ်ချေးပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်ရှိ ဝါစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများအား စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများ ပေးအပ်ခဲ့ပြီး နိုင်ငံ့စီးပွားရန်ပုံငွေမှ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာအုပ်စု(၉)အုပ်စုမှ ဝါစိုက်တောင်သူ ၃၃၃ ဦး၊ စိုက်ဧက ၆၉၄ ဧကအတွက် ငွေကျပ် ၂၀၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(ဓာတ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**

*– *– *– *– *– *– *

## ဆီထွက်ပဲပုပ်သီးနှံမျိုးစေ့နှင့် နေကြာသီးနှံမျိုးစေ့များ အခမဲ့ ထောက်ပံ့ပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ တောင်သူများအား ဆီထွက်ပဲပုပ်သီးနှံမျိုးစေ့နှင့် နေကြာသီးနှံမျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က ၂၀၂၆ ခုနှစ် ဆောင်းရာသီ ဆီထွက်ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မျိုးသန့်ပြန့်ပွားရေး ရည်ရွယ်၍ တောင်သူများအား တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၃)အုပ်စုမှ ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးမည့် တောင်သူ ၁၄ ဦး၏ စိုက်ဧက ၂၀ အတွက် ပဲပုပ်မျိုးရေဆင်း-၁၅ (၁၀)တင်း၊ စိုက်ဧက(၁၁)အတွက် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊
သစ်ပင်ရုံမှ သဏ္ဍာန်လှပ၊ ပန်းရလိမ့် ။



## မန္တလေးမြို့ကျုံးဘေး သီတင်းကျွတ်လပြည့်နေ့ မီးထွန်းပွဲတော်တွင် တေးဂီတဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးမြို့ ကျုံးဘေးတွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ မီးထွန်းပွဲတော်၌ စတိတ်ရှိုးနှင့် တေးဂီတဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် အကယ်ဒမီ မယ်လိုဒီ၊ ရဲထွဋ်ကျော်၊ ချစ်ဖွဲ့သာ၊ ပန်းကလေး၊ ခိုင်ဇင်လင်း၊ ယွန်းမီ၊ နော်ထူး၊ ထက်ထက်၊ DJ Bellan Dancer အဖွဲ့နှင့် မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့တို့ ပါဝင်ဖျော်ဖြေမည် ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် အဆိုပါပွဲတော်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီးအနီး၊ ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) ရွှေမန်း**

## မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ကို ရန်ကုန်မြို့တွင် သုံးရက်ကြာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ကို ရန်ကုန်မြို့ မြေပဒေသာကျွန်း (ပုလဲကျွန်း)တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး MFVP မှ သိရသည်။

ပွဲတော်တွင် ထောပတ်သီးစိုက်ပျိုးသူများ၏ တိုက်ရိုက်အရောင်းဆိုင်များ၊ ထောပတ်သီးအခြေခံ စားသောက်ကုန်နှင့် အလှကုန်များ၊ ထောပတ်သီးဟင်းလျာများ၊ သစ်သီးဝလံဆိုင်ခန်းများနှင့် ဗဟုသုတပြခန်းများ ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ပအိုဝ်း၊ ဓနုနှင့် ရှမ်းတိုင်းရင်းသားရိုးရာအကများ၊ တေးဂီတဖျော်ဖြေပွဲများနှင့် ဂိမ်းအစီအစဉ်များလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး စားသောက်ကုန်၊ အလှကုန်၊ လက်မှုအနုပညာပစ္စည်းနှင့် အဝတ်အထည်ဆိုင်ခန်း ၇၀ ကျော် ပါဝင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပွဲတော်တွင် ပါဝင်ပြသရောင်းချလိုသည့် လုပ်ငန်းရှင်များနှင့် စပွန်ဆာအဖြစ် ပူးပေါင်းလိုသည့် ကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ထားသည်။

အသေးစိတ်သိရှိလိုပါက ၀၉-၄၃၁၂၇၆၅၆နှင့် ၀၉- ၄၃၀၃၄၈၉၄ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။




**(အပေါ်ပုံ) ရွှေမန်း**

## ကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲများ ပြည့်စုံစွာပါရှိရေး အသိပညာပေးဆွေးနွေး

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲများ ပြည့်စုံစွာ ဖော်ပြရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ စားသောက်ကုန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထုတ်ကုန်နှင့် လုံခြုံစိတ်ချရမှုဌာနခွဲမှ စစ်ဆေးရေးအရာရှိများသည် စားသောက်ကုန်အသင်းဝင် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေများနှင့် ညွှန်ကြားချက်များအရ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သြဂုတ်လအထိ လုပ်ငန်းရှင် ၁၀၁၉ ဦး၊ ကုန်ပစ္စည်းအမျိုးအစားပေါင်း ၃၇၁၃ မျိုးအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ စိစစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ စားသုံးသူများ လုံခြုံစိတ်ချရသည့် ကုန်စည်များ ရွေးချယ်ဝယ်ယူနိုင်ရေးနှင့် လုပ်ငန်းရှင်များ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် စက်မှုကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ၄င်းတို့ဌာနတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်များအား ခေါ်ယူ၍ ဈေးကွက်မရောက်မီ စစ်ဆေးခြင်းဖြင့် မိမိတို့ထုတ်လုပ်သည့် ကုန်စည်များပေါ်တွင် ကုန်ညွှန်းအမှတ်အသားဖော်ပြချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် အရှိန်အဟုန်မြှင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေသည့် ကုန်စည်အချို့၌ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများကို ထပ်ပိုးလွှာ (Sticker)များဖြင့် ကပ်နှိပ်ရောင်းချနေသည်ကို စိစစ်တွေ့ရှိရသဖြင့် ထိုသို့စတစ်ကာကပ်ခြင်းကို သီးခြားခွင့်ပြုထားခြင်းမရှိကြောင်းနှင့် ကုန်စည်ပေါ်တွင်တိုက်ရိုက်ရိုက်နှိပ်ခြင်း(သို့မဟုတ်) ပုံသွင်းခြင်းဖြင့်သာ ဖော်ပြရမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး ၄င်းကာလနောက်ပိုင်း သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အားနည်းသော(သို့မဟုတ်) လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လုပ်ငန်းရှင်များကို စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

**(မန္တလေးနေ့စဉ်-၅)**

*- *- *- *- *

*- *- *- *- *- *- *

## မန္တလေးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇၃၆၉ ဖြစ်သည်။**(အပေါ်ယာပုံ)**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများ အလိုက် လက်ကား၊ လက်လီ ရောင်းချမည့် ဈေးနှုန်းများကို လည်း ရန်ကုန်အထိုင်ဈေး အပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေး အပေါ်အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် နှစ်ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့တွင် ငွေကျပ် ၈၆၉၅၊ မိတ္ထီလာမြို့တွင် ငွေကျပ် ၈၅၁၅၊ ရမည်းသင်းမြို့တွင် ငွေကျပ် ၈၄၉၀၊ ကျောက်ဆည်မြို့တွင် ငွေကျပ် ၈၆၅၀၊ ပြင်ဦးလွင်မြို့တွင် ငွေကျပ် ၈၇၄၅၊ မြင်းခြံမြို့တွင် ငွေကျပ် ၈၇၇၀၊ ညောင်ဦးမြို့တွင် ငွေကျပ် ၈၆၈၀ ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

သင်
ကျန်းမာလိုလျှင်
ဆီနှင့်
အငန်
လျှော့စားပါ။

## မန္တလေးတိုင်းဒေသကြီးတွင် အသားတိုးကြက်ဈေးကျပြီး ဘဲဈေးမြင့်တက်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အတွင်း ကြက်၊ ဘဲဈေးကွက်၌ ယခုအောက်တိုဘာလအတွင်း အသားတိုးကြက်၊ ဆီမီးကြက် ဈေးနှုန်းများ ကျဆင်းနေပြီး ဇမာကြက်ဈေးနှုန်း တည်ငြိမ်ကာ ဘဲဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ကြက်၊ ဘဲဈေးနှုန်းများအရ အသားတိုးကြက် ခြံဖမ်းဈေးမှာ တစ်ပိဿာလျှင် ပျမ်းမျှ ငွေကျပ် ၈၅၀၀ မှ ၉၄၅၀ အတွင်းရှိပြီး ဒိုင်ရောင်းဈေးမှာ ငွေကျပ် ၁၀၃၀၀ မှ ၁၀၇၀၀ အတွင်းရှိကြောင်း၊ ဆီမီးကြက် ဒိုင်ရောင်းဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ရှိကြောင်း သိရသည်။

ကြက်နီမ ခြံဖမ်းဈေးမှာ တစ်ပိဿာလျှင် ပျမ်းမျှ ငွေကျပ် ၁၁၀၀၀ ရှိပြီး ဇမာကြက်အကြီး ခြံဖမ်းဈေးမှာ ငွေကျပ် ၂၃၀၀၀ ရှိကြောင်း၊ ဘဲခြံဖမ်းဈေးမှာ တစ်ပိဿာလျှင် ပျမ်းမျှ ငွေကျပ် ၂၀၀၀၀ မှ ၂၄၀၀၀ အတွင်းရှိပြီး ဒိုင်ရောင်းဈေးမှာ ငွေကျပ် ၂၇၀၀၀ ရှိသည်။ **(ယာပုံ)**

ယခင် စက်တင်ဘာလ အတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အသားတိုးကြက်ဈေးနှုန်းမှာ ရာဂဏန်းခန့်၊ ကြက်နီမဈေးနှုန်းမှာ ငွေကျပ် ၁၀၀၀ ခန့် ကျဆင်းခဲ့ပြီး ဘဲဈေးနှုန်းမှာ ငွေကျပ် ၂၀၀၀ ခန့် မြင့်တက်လာသည်။

'အသားတိုးကြက်ကတော့ ရာဂဏန်းလောက် ကျတယ်။ ကြက်နီမက ၁၀၀၀ ကျတယ်။ ဘဲက ၂၀၀၀ လောက် တက်တယ်'ဟု ကြက်၊ ဘဲဈေးကွက် အတွင်း အသားတိုးကြက် ရောင်းချသူတစ်ဦးက ပြောသည်။

**(မန္တလေးနေ့စဉ်-၈)**



**ဝတ္ထုတိုကဏ္ဍ**

# ခြေလှမ်းသစ်များ



ဒီနေ့ တာတီးတို့အားလုံး မြို့ထဲမသွားကြသေးဘဲ အလုပ်ရှုပ်နေကြသည်။ ပေသီးက သူ့အဖေ ပေးထားသည့် လေဘောတီရှပ်အဟောင်းပွပွကြီးနှင့်၊ တာတီးနဲ့ ဝင်းမောင်က သူတို့ ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ခပ်လတ်လတ် အဝတ်လေးများကို ငုံ့ကြည့်ရင်း ကျေနပ်ပီတိအပြုံးများကိုယ်စီဖြင့် သူကိုယ်တိုင်လည်း မနှစ်က တန်ဆောင်မုန်းလပြည့်နေ့က ပုံသကူရရှိထားသည့် ရှပ်အင်္ကျီသစ်ကလေး ဝတ်ထားသည်။

အရင်ရက်များက သူတို့အုပ်စု မြို့ထဲသို့ နေ့တိုင်းသွားကြသော်လည်း ယခုပုံစံမျိုး မဟုတ်ပေ။ နံစော်နေသည့် ညစ်ပေပေအဝတ်များကိုယ်စီဖြင့် သူတို့အားလုံး ရပ်ကွက်ထဲရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် လူတွေက ချစ်ခင်နှစ်လိုခြင်းမရှိဘဲ မယုံသင်္ကာ မျက်ဝန်းများစွာဖြင့် ခွေးတွေနှင့် ရှူးတိုက်လွှတ်ကြသလို 'ကြည့်နေကြဟော့… ပလတ်စတစ်ကောက်တဲ့သူတွေ လာနေပြီနော်… ဝင်းထရံပေါ်က အဝတ်တွေ ကြည့်ထားကြဦး။ ဟိုနေ့ကလည်း ထဘီတစ်ထည်ပါသွားပြီ။ ပေါက်လွှတ်ပဲစားကလေကဝတွေ' ဟု ပြောဆိုနေကြသည်။

တာတီးတို့က ဆူညံစွာ ဟောင်နေကြသည့် ခွေးများကို တွေ့ရာ တုတ်၊ ခဲများဖြင့် လှမ်းပစ်ကြရာ ဝန်းကျင်တစ်ဝိုက် ဆူညံနေတော့သည်။ လူတို့၏ မယုံသင်္ကာစကားများနှင့် မလိုလားသော အကြည့်များအောက်တွင် ရက်ရွံ့သိမ်ငယ်စွာဖြင့် ဘာဖြစ်လို့ ငါတို့ကို မတူမတန် နှိမ်ချဆက်ဆံနေကြသလဲ။ လူချင်းမတူကြဘူးလား ဟု ထာဝစဉ် ကိန်းအောင်းနေသည့် ပေသီးတို့၏ ရင်တွင်းသံစဉ်များက အဖြေရှာနေဆဲ ဖြစ်သည်။

နေ့စဉ် မြို့ထဲသို့ ခြေလှမ်းကိုယ်စီဖြင့် မပျက်မကွက် လှမ်းကြရင်း အိမ်ရှေ့တွင် သစ်ပင်လှလှလေးများစွာနှင့် သပ်ရပ်လှပသည့် အိမ်ကြီးများ၊ ခမ်းနားသည့် တိုက်ကြီးများကို အားကျစိတ်ဖြင့် မကြာခဏ ငေးမောကြည့်ကြသည်မှာ ထုံးစံတစ်ခုပင်။

သူတို့၏ အိမ်ဟု ခေါ်ဆိုရမည့် တဲငယ်လေးတွေက အနံ့တွေ နံစော်ပုပ်ဟောင်စွာ ညစ်ပတ်နေသည့် အမှိုက်ကုန်းမှာဖြစ်ပြီး ခွေးတွေက အမှိုက်ပုံကို ယက်ဖြကာ မာန်ဖီလုယက်နေသည်ကတစ်မျိုး၊ လေထဲမှာလည်း ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံအမှိုက်များစွာ ဟိုမှ သည်မှ လွင့်ပျံ့ဝဲနေကြသည်က တစ်ဖုံ။

သူတို့၏ နေ့စဉ် ထမင်းဝိုင်းကြီးက ခင်းထားသည့် ဖျာစုတ်၊ ပလတ်စတစ်စုတ်ကြီးများပေါ် တွင် ထိုင်ပြီး အမှိုက်ကုန်းထိပ်တွင် ရောင်းချသည့် ဒေါ်ကုလားမ၏ ထမင်းဆိုင်က ပုံမှန်ဟင်းလျာများဖြစ်သည့် ထမင်းနှင့် ငါးပိရည်ကျိုကို ဝယ်ယူပြီး ချိုင့်ခွက်နေသည့် ဇလုံကြီးထဲထည့် အားရပါးရနယ်ကာ မိသားစုစုံစုံညီညီ ဝိုင်းဖွဲ့စားသောက်ကြသည်။ ကြက်ဥ၊ ဘဲဥ ဟင်းစားရသည့်နေ့ဆိုလျှင်မူ သူတို့၏ နတ်သုဒ္ဓါပင် ဖြစ်သည်။ ယနေ့တော့ ဝက်သားဟင်းနှင့် စားရတော့မည်ကို တွေးပြီး အားလုံးပျော်ရွှင်ဝမ်းသာနေကြသည်။

ဘကြီးမြက ခြေတစ်ဖက်ထော့နင်းထော့နင်းဖြင့် တဲထဲသို့ ငုံ့ဝင်လာပြီး …

'ဟဲ့ … ဖိုးလုံး နင်တို့ မသွားကြသေးဘူးလား' ဟု မေးသည်။

'သွားတော့မှာပါ ဘကြီးမြ၊ တာတီးတို့ မပြီးသေးလို့ပါ။ ကျွန်တော်တို့က ပြီးပြီဗျ'

သူတို့အားလုံး တဲထဲက ထွက်လိုက်တော့ အမှိုက်ကုန်းမိသားစုတွေက စုပြုံပြီး သူတို့ကို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

'ဟဲ့ … ဒီလိုဆိုတော့ ငါ့သားလေးက ချောသားဟဲ့' တာတီးအမေက ပြောလိုက်တော့ အားလုံး ဝါးခနဲ ပွဲကျသွားကြသည်။ ဝင်းမောင် အမေကလည်း 'အံမယ် ကျုပ်သားကလည်း ချောပါတယ်တော်။ ညည်းသားတစ်ယောက်ထဲ မပြောပါနဲ့' ဟု အလုအယက်ပြောကြရင်း ဆူညံပွက်လောရိုက်နေတော့သည်။

ဟုတ်သည်လေ သူတို့အားလုံး လူလို သူလို မဝတ်ခဲ့ရ၊ မစားခဲ့ရ၍ ဒီနေ့လို စားပွဲဝိုင်းများစွာဖြင့် ကျွေးသည့် အလှူမျိုးစားရကံ ကြုံသည်မှာ သူတို့ထဲက နှစ်တန်းထိ ကျောင်းနေခဲ့ဖူးသည့် ဝင်းမောင်ကြောင့် ဖြစ်သည်။ တစ်ရက်… သူတို့ မြို့ထဲကို သွားကြရင်း ရပ်ကွက်ထိပ်မှာ ဘုတ်ထောင်ပြီး ရေးထားသည့် စာတွေကို ဝင်းမောင်က စာလုံးပေါင်းဖတ်နေသည်။

'ဟေ့ကောင် ဘာလုပ်နေတာလဲ နောက်ကျမယ် မြန်မြန်လာ'

'နေပါဦးကွ ငါ ဖတ်ကြည့်နေတာ'

'အံမာ … မင်းက ဖတ်တတ်လို့လား'

'ပေါင်းဖတ်မယ်ကွာ'

တရေး၊ နသတ်တန်၊ သဝေထိုး ဆလိမ်ရေးချ ငသတ်ဆောင် ဝစ္စနှစ်လုံးပေါက်ဆောင်း မအင်းမ မ … ဝင်းအောင် အ,ထစ်၊ အ,ထစ်ဖြစ်နေသည်ကို သူစိတ်မရှည်ဘဲ စောင့်နေစဉ် ဆိုက်ကားသမားဦးကြီးတစ်ယောက်က ဦးလေးဖတ်ပြမယ်။ တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၄ နာရီကြရင် သဲပုံစေတီဝင်းထဲမှာ အလှူရှင်က ဝက်သားဟင်းနဲ့ စတုဒိသာ ကျွေးမှာတဲ့။

'ဩော် … ဟုတ်လား ဦးလေး၊ စတုဒိသာဆိုတာ ဘာလဲဟင်'

'စတုဒိသာဆိုတာ ဘယ်သူလာ စားစားရတယ်ကွ'

'ကျွန်တော်တို့ရော လာစားလို့ရလား'

'ရတယ်လေ အဝတ်အစားတော့ ကောင်းကောင်းလေး ဝတ်ခဲ့ကြနော်'

အဲ့ဒီနောက် သူတို့ ခေါင်းထဲမှာ ဘယ်သူလာစားစား စားလို့ရတယ်ဆိုတာ စွဲနေပြီး မေ့နေပြီးဖြစ်သည့် ဝက်သားဟင်းကိုလည်း စားချင်သည်။ ထို့ကြောင့် အဝတ်အစားကောင်းကောင်းဝတ်ပြီး သွားဖို့ ကြိုးစားကြတော့သည်။ တန်ဆောင်မုန်းလပြည့်နေ့ နေ့လယ်ပိုင်းမှာ ချောင်းထဲဆင်းပြီး ရေချိုးကြ။ သဲတွေနဲ့ တစ်ကိုယ်လုံးကို ပွတ်တိုက်ကြတော့သည်။ ရက်ပေါင်းများစွာ နေလောင်ထားသော မျက်နှာလေးတွေ လတ်ဆတ်လာပေမယ့် ဆံပင်ကလေးတွေက နီကြောင်နေဆဲ ဖြစ်လေသည်။ အခုတော့ သူတို့လေးယောက်သွားဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။

သူတို့ ထွက်လာသောအခါ မိဘတွေ၊ ဦးလေးတွေက ငေးကြည့်ကျန်နေခဲ့ကြသည်။ သူတို့လည်း စားချင်ကြမှာပဲလေ။ 'ဝါး' ခနဲ ငိုလိုက်သော ကလေးသံကို ကြားရသည်။ တာတီး ညီလေးက လိုက်ချင်တယ် ပြော၍ သူ့အမေက တင်ပါးကို ဖြန်းခနဲ ရိုက်လိုက်သည့်အတွက် ဖြစ်သည်။ တာတီးက …

'မနေ့ထဲက ညီလေးက ပြောနေတာကွ။ ဝက်သားဟင်းဆိုတာ ဘယ်လိုဟာမျိုးလဲတဲ့' ဟု ဝင်းမောင်ကို ပြောနေသည်။

တာတီးတို့ ခပ်သွက်သွက် လျှောက်လာကြပြီး မကြာခင်မှာပဲ သဲပုံစေတီဘုရားသို့ ရောက်လာကြသည်။ ဘုရားဝင်းထဲတွင် စားပွဲခုံတွေ ချ၍ ထမင်းကျွေးနေသည်မှာ လူတို့ အုန်းအုန်းထနေသည်။

ရုတ်တရက် သူတို့ မဝင်ရဲကြဘဲ ဟိုကြည့် ဒီကြည့် ကြည့်နေစဉ် … ပန်းကန်ဆေးသည့်နားအစွန်းစားပွဲမှ လူတစ်သိုက် ထသွားသဖြင့် ဝင်ရမလို၊ ထိုင်ရမလို ဖြစ်နေတုန်းမှာ ပန်းကန်ဆေးသည့် မိန်းမကြီးတစ်ဦးက …

'ဟဲ့ … ကလေးတွေ စားမှာမဟုတ်လား ထိုင်ကြလေ' ဟု ဆို၍ ဝင်ထိုင်ကြသည်။ ထမင်းပန်းကန်တွေ လာချသည်။ ဖြူဖွေးကော့ပျံနေသည့် ထမင်းများ မစားရဲရဲ၊ စားရဲရဲဖြင့် စစားကြသည်။ အိစက်နေသည့် ဝက်သားတုံးကြီးများ၊ ကြက်သားသပြွမ်းဟင်းရည်နဲ့ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ် စသည့် ဟင်းများကို ခေါင်းမဖော်နိုင်အောင် စားကြတော့သည်။ သုံးပန်းကန်လောက် ဗိုက်ထဲဝင်သွားပြီး ဆက်မစားနိုင်တော့ဘဲ ဟိုကြည့် ဒီကြည့် ကြည့်မိသည့်အခါ ပန်းကန်ဆေးသည့် သူတွေအနားက ထမင်းဟင်းကြွင်းကျန်တွေထည့်သည့်ပုံးကို မျက်စိရောက်သွားသည်။ အကျန်တွေဆိုပေမယ့် ထမင်းက ကောင်းနေဆဲ၊ ဝက်သားအဆီတုံးတွေပင် ပါလိုက်သေးသည်။

သူသည် သူတို့ကို ငေးကြည့်ကျန်ရစ်နေသည့် မျက်လုံးများကို သတိရသွားသည်။ တာတီးတို့၊ ဝင်းမောင်တို့ကို တိုးတိုးကပ်ပြောသည်။ လူတွေ ရုံးစုရုံးစုံနဲ့မို့ သူတို့ကို သတိမထားမိကြပေ။ မယောင်မလည်နှင့် ဆီးဖျော်ရည်တိုက်သည့်နားတွင် သူတို့ ရပ်နေကြသည်။ အချိန်ကလည်း တဖြည်းဖြည်းကုန်လာသည်။ လူတွေစဲသွားသည်။ တချို့ ခုံတွေ သိမ်းနေကြသည်။ ညနေလည်း တော်တော် စောင်းလာပြီ။ ဆီးဖျော်ရည်ခွက်တွေ ထည့်လာသည့် အိတ်မည်းကြီးကို အစောကြီးကတည်းက သူကြည့်ထားသည်မို့ ဖျက်ခနဲ ယူလိုက်သည်။ ထိုစဉ် မိန်းမကြီးတစ်ဦးက လက်ထဲမှာ သတင်းစာစက္ကူတွေ ကိုင်ပြီး ဘုရားဝင်းထောင့်သို့ လျှောက်သွားသည်။ တစ်ခေါက်ပြန်လာပြီး ထမင်း၊ ဟင်းအကျန်ပုံးကို ယူပြီး သတင်းစာစက္ကူတွေအပေါ်သို့ ထမင်း၊ ဟင်းကျန်တွေပုံပြီး ထွက်သွားသည်။ သူ တစ်ဟုန်ထိုးပြေးသွားပြီး ထမင်း၊ ဟင်းတွေကို ကြွပ်ကြွပ်အိတ်ကြီးထဲ ကျုံးထည့်သည်။ သူ့အနား ခွေးတွေဝိုင်းအုံလာကြတော့ သူက တရှူးရှူးနဲ့ ခြောက်ပေမယ့် မရပ်မနား တဝုန်းဝုန်းတိုးဟောင်ကြကာ ထမင်းလုပွဲကြီးပမာ ဖြစ်နေသည်။ အသံတွေကြောင့် မိန်းမကြီးတစ်ဦး လှည့်ကြည့်လာပြီး သူနှင့် ခွေးတွေ လုံးထွေးနေသည်ကို တွေ့မြင်သွားတော့ …

'ဟဲ့ ကောင်လေး … ဘာလုပ်တာတုန်း'

'ဒေါ်ကြီးပစ်ထားတာတွေ ကျွန်တော် ယူမလို့ပါ။'

'ဟဲ့ … အဲ့ဒါ ခွေးကျွေးမယ့်ဟာတွေလေ မယူနဲ့၊ မယူနဲ့'

'ယူပါရစေဗျာ'

'မယူပါနဲ့ဆိုဟယ် ငါပေးပါ့မယ် လာ လာ' ဆိုပြီး သူ့ကို ဆွဲခေါ်သွားကာ ထမင်းကျွေးသည့်နေရာသို့ ပြန်ရောက်လာပြီး အလှူရှင်ကို အကျိုးအကြောင်း ပြောပြနေတာတွေ သူ သေသေချာချာ မကြားမိအောင် ရှက်ရွံ့ကြောက်လန့်နေသည်။ အစအဆုံး ပြောပြပြီးတော့ အလှူရှင်မိန်းမကြီးက သူ့ပခုံးကို ညင်သာစွာ ကိုင်လာတော့ သူဆတ်ခနဲ တုန်သွားမိသည်။ သူ မရဲတရဲ မော့ကြည့်သည်။ အလှူရှင် မိန်းမကြီးက သူ့ကို ကြင်ကြင်နာနာ ကြည့်နေသည်။

'ကလေးက ထမင်းသွန်တာတွေ ယူချင်တာပေါ့'

'အင်း …'

'ဘာလို့ ယူချင်တာလဲ'

'သူတို့ကို ကျွေးချင်လို့'

'သူတို့ဆိုတာ ဘယ်သူတွေလဲ'

'သူတို့က အဖေ၊ အမေနဲ့ ညီလေး၊ ညီမလေးတွေပါ'

'အကျန်တွေက မကောင်းဘူး ကလေးရဲ့၊ ခွေးကျွေးမယ့်ဟာတွေ၊ အကောင်းတွေ အဒေါ်ထည့်ပေးလိုက်မယ်နော်'

မကြာခင် သူ့လက်ထဲသို့ ထမင်းတွေ၊ ဟင်းတွေ ရောက်လာသည်။ ဝက်သားဟင်းတွေကလည်း အများကြီး၊ ကြက်သပြွမ်းဟင်းရည်ထုပ်လည်း ပါသည်။ ငရုတ်သီးကြော်တွေရော အစုံပါပဲ။ အထုပ်များကို ကိုင်ထားရင်း ကျေးဇူးတင်စွာဖြင့် အလှူရှင်မိန်းမကြီးကို ကြောင်ကြောင်ကြီး ကြည့်နေမိပါတော့သည်။

'ယူသွားကလေး ကောင်းကောင်းလည်း ပြန်၊ ကောင်းကောင်းလည်း ကိုင်သွားကြနော်' ဟု အားလုံးကို ကြည့်ပြီး ပြောလိုက်သည်။

သူတို့အားလုံး အိမ်အပြန်ခရီးတွင် အရမ်းပျော်ရွှင်တက်ကြွနေကြသည်။ သူတို့ကို အမြဲတမ်း ငြူစူစောင်းမြောင်း မုန်းတီးနေသည့် လူတို့ထံမှ မေတ္တာတရားကို ပထမဦးဆုံး ခံစားမိသောနေ့လည်း ဖြစ်သည်။ လူတွေအများကြီးကြားထဲတွင် လူလို သူလို ဝင်ရောက်စားသောက်ပြီး စကားတွေ အများကြီးပြောခဲ့ရသော မမေ့နိုင်သည့် နေ့တစ်နေ့ ဖြစ်သည်။ လူတွေနှင့် သူတို့ ဘာဝခြားမနေပါလား။ တစ်သွေးတစ်သားတည်း အတူတူပါပဲလား။ ရှေ့လျှောက်၍ လူတို့ မုန်းတီးရွံရှာ စက်ဆုပ်သော အလုပ်ထက် တစ်သားတည်းကျမည့် ကောင်းမွန်သည့်အလုပ်ကို ပြောင်းလဲလုပ်ရန် တိုင်ပင်ပြောဆိုလာခဲ့ကြသည်။

လူထဲက လူတစ်ယောက်အဖြစ် လူ့အခွင့်အရေးတွေ ရရှိအောင် ကြိုးစားကြမည်။ အသိတရားတွေ လင်းလက်ခဲ့ပြီး အတွေးများစွာဖြင့် လက်ထဲက ဟင်းထုပ်တွေကို ဆွဲလာသော သူတို့၏ ခြေလှမ်းများသည် ခိုင်မာရဲရင့်နေသည့် ခြေလှမ်းသစ်များ ဖြစ်နေပါတော့သည်။

**ခင်မွန်သိန်းတန်(မန္တလေး)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ



**မိတ္ထီလာ အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ပျော်ကုန်းစံပြကျေးရွာတွင် ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ သည်။ ထို့နောက် ပြည်သူ့စကားဝိုင်းကို ကျင်းပရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကျေးရွာမီးလင်းရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ကျေးရွာများတွင် လိုအပ်လျက်ရှိသည့် အခြေအနေများကို တင်ပြခဲ့ရာ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က ဦးဆောင်ပြီး ဌာနဆိုင်ရာများက ဒေသခံပြည်သူများအား အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၆၉)**

# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံနံရံကပ်စာစောင်များပြသ

**ကံမ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲနှင့် ဓာတ်ပုံနံရံကပ်စာစောင်များ ပြသပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အုပ်ဖိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း(အုပ်ဖို)၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းယုအေးက လူငယ်များအနေဖြင့် အသိပညာဗဟုသုတ တိုးပွား၍ ဗလငါးတန် ပြည့်စုံစေရန်၊ ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်လာစေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး စာပေဗဟုသုတများ တိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ကျောင်းစာအပြင် ဗဟုသုတ ရရှိနိုင်မည့် ပြင်ပစာပေများအား ဖတ်ရှုလေ့လာကြရန် အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**



# လူထုအခြေပြုဗဟိုဌာနတွင် ကမ္ဘာ့ကုလသမဂ္ဂနေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club)တို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကမ္ဘာ့ကုလသမဂ္ဂနေ့ အကြောင်း သိကောင်းစရာ အသိပညာပေး(Talk Show) ဆွေးနွေးပွဲ ကျင်းပရာ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲများ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club)မှ အတွင်းရေးမှူး ဆရာကြီးဦးကျော်စိုး(ပညာရေး-ငြိမ်း)က ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ကမ္ဘာ့ကုလသမဂ္ဂနေ့ ဖြစ်ပေါ်လာပုံသမိုင်းအကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ကုလသမဂ္ဂ၏ အဓိကမဏ္ဍိုင်ကြီးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များစသည့် ကမ္ဘာ့ကုလသမဂ္ဂနေ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀–၀–၀–၀–၀–၀




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အယ်လ်နီညို

* အပူဒဏ် သဘာဝဘေး
ဝင်လာမနေး အမှန်တကယ်
သစ်တောသစ်ပင် ထိန်းသိမ်းကြစို့
လောကမြေဝယ်။
* အထူးသတိပြု ဂရုစိုက်ကွယ်
အရေးကြီးတာ စိတ်မှာတွေး
အန္တရာယ် ကျော်ဖြတ်လို့
သိစိတ်ကိုမွေး။
* အယ်နီညို အပူလှိုင်းက
အချိန်မဆိုင်း လာတော့မှာ
အများပြည်သူ ရှောင်လေခြင်းမို့
ဘေးကင်းဖို့ရာ။
* အစားအသောက် အားရှိဖို့ဟာ
စုံစုံလင်အသီးအရွက်
လတ်ဆတ်ကာ မျှတဖို့
အာဟာရဖြည့်စွက်။
* ဘေးကင်းအောင် ဉာဏ်ရည်နဲ့
လှုပ်ရှားလို့ ပတ်ဝန်းကျင်
ကျန်းမာရေးကို ဂရုစိုက်လို့
သိထိုက်စေချင်။
* ပတ်ဝန်းကျင်သတိပေးအစဉ်
အသိအသွယ်သွယ်သတိထား
နိုးဆော်စေ အကျိုးရှိဖို့
တိုးသိစေသား။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများရရှိစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ထိုစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဖြိုးဇင်(ခရိုင်၊ ပြန်/ဆက်)**



# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၃/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပ



**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၃/၂၀၂၆)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ သိရှိထားရမည့် ဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုတိကျစွာ နားလည်သဘောပေါက်စေရန်၊ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပွင့်လင်းမြင်သာပြီး ထိရောက်မြန်ဆန်သော ဝန်ဆောင်မှုများပေးနိုင်စေရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို စနစ်တကျ စီမံခန့်ခွဲနိုင်စေရေးရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး အုပ်ချုပ်သူဆိုသည်ထက် ပြည်သူကိုဝန်ဆောင်မှုပေးသူဟူသည့် စိတ်ဓာတ်ကို အမြဲနှလုံးသွင်းပြီး မိမိတို့ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် အဖွဲ့ဝင်များက သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၅၆)**



# အမှတ်(၂)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ အထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၇**

ဟားခါးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့၊ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး မိုးလွင်က အွန်လိုင်းလိမ်လည်လှည့်ဖြားမှုများအကြောင်းကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးချမ်းငြိမ်းထွန်းက အန္တရာယ်ဖြစ်စေမည့် အစားအသောက်နှင့် ဆေးဝါးများအကြောင်းကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်တာဝန်ခံ ဦးထင်ကျော်ဦးက မှတ်ပုံတင်ကတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာဝင်းက လူငယ်များအတွက် နည်းပညာ၏ အသုံးဝင်ပုံနှင့် ကောင်းကျိုး၊ ဆိုးကျိုးများကို လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ သားဖွားဆရာမက ကလေးများသိသင့်သည့် သန့်ငါးသန့်အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျောင်းပတ်ဝန်းကျင်အနီးရှိ စားသောက်ကုန်ဆိုင်များနှင့် ကျောင်းဝင်းအတွင်း ရောင်းချလျက်ရှိသည့် မုန့်ဈေးတန်းကို လှည့်လည်ကြည့်ရှုပြီး ကလေးများအတွက် အန္တရာယ်ဖြစ်စေမည့် သက်တမ်းလွန် အစားအသောက်များ ရောင်းချခြင်းရှိ၊ မရှိကို စစ်ဆေးခဲ့သည်။

ထို့နောက် ကျောင်းဝင်းအတွင်း မြေထိန်းနံရံတည်ဆောက်နေမှု အခြေအနေများ၊ စာသင်ခန်းများအတွင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

KWO

# စိုက်ပျိုးရေးဦးစီးဌာနမှ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ

**တောင်တွင်းကြီး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးအေးက မိုးစပါး၊ ဆီထွက်သီးနှံ(နှမ်း၊ နေကြာ၊ မြေပဲ)နှင့် ဝါသီးနှံ အထွက်နှုန်းရရှိရေး မြန်မာ့ရေနံ ဓာတုလုပ်ငန်း၏ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေပင်ယားအုပ်စု၊ ကျောင်းတော်ရာကျေးရွာတွင် ဧက ၂၃၄ ဒသမ ၅၀ အတွက် ရေကြီးရေလျှံ ဖြစ်ပေါ်မှုကြောင့် သီးနှံထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးသည့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် ယူရီးယားဓာတ်မြေဩဇာကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနီးမြေ)**

# အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မြင်းမူ အောက်တိုဘာ ၁၇**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်ပြီး အပူလွန်ကဲခြင်း၊ ရေရှားပါးခြင်း၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြင်းမူမြို့၊ စစ်ကိုင်း-မုံရွာကားလမ်း လွတ်လပ်ရေးကျောက်တိုင်အနီးနှင့် မြို့မဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လှိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ခရီးသွားပြည်သူများနှင့် ဈေးသူ၊ ဈေးသားများအား အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်များ၊ လိုက်နာရမည့် အချက်များကို အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက အပူရှိန်မြင့်မားမှုကြောင့် မြို့မဈေးအတွင်း မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ပြည်သူများအား မီးငြိမ်းသတ်ရေးကိရိယာများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုစနစ်အား သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



# မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ဟင်းသီးဟင်းရွက်သီးနှံစုံ သိမ်းဆည်းပြီး

**ကျွန်းလှ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားစေရန် သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးထုတ်လုပ်ကြရာ မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ဟင်းသီးဟင်းရွက်သီးနှံစုံ ၅၃၅ ဧက သိမ်းဆည်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးဖို့ ၅၅၉ ဧကလျာထားတဲ့အနက် မြေပြင်မှာ ၅၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ကာ တောင်သူတွေက ဈေးကွက်ပေါ်မူတည်ပြီး ဈေးကောင်းရရှိမယ့် သီးနှံများကို တစ်လှည့်စီ ရွေးချယ်စိုက်ပျိုးကြပါတယ်၊ ယခုအခါ စိုက်ဧကအားလုံး သိမ်းဆည်းပြီးဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးကြသည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ (GAP) နည်းစနစ်နှင့်အညီ စိုက်ပျိုးရေး၊ ဓာတုကင်းလွတ်သီးနှံများထွက်ရှိရေးအတွက် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးတို့ကို စနစ်တကျသုံးစွဲရေး စသည့် စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၀)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ




ပဲခူး အောက်တိုဘာ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥဿာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနိုင်ရေးတို့အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union-MPU)ကို ဖွဲ့စည်းထားကြောင်း၊ မိမိတို့လွှတ်တော်များသည် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထားသော်လည်း မိမိတို့အားလုံးသည် ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသကဲ့သို့ လွှတ်တော်၏ တာဝန် ၃ ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်းနှင့် အခြားမဏ္ဍိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တူညီကြကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်း လွှတ်တော်များသည် စွမ်းရည်မြင့်မား၍ ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာရေး အနာဂတ်ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၇-၂၀၃၁) ရေးဆွဲထားရှိပြီး ဥပဒေပြုရေးတွင် ထိရောက်မှုရှိရေး၊ စောင့်ကြည့်ထိန်းညှိရေးနှင့် တာဝန်ခံမှုရှိရေး၊ ပြည်သူနှင့်ထိတွေ့၍ ပြည်သူကို ကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ဝန်ထမ်းများ စွမ်းရည်မြင့်မားရေး၊ သုတေသနစွမ်းဆောင်ရည်မြင့်မားရေး၊ ဒီဂျစ်တယ်လွှတ်တော်စနစ် ဖွံ့ဖြိုးရေးစသည့် မဟာဗျူဟာရည်မှန်းချက်(၆)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက်(၆)ရပ်အပေါ်မူတည်၍ မိမိတို့တိုင်းဒေသကြီးလွှတ်တော်နှင့်ကိုက်ညီသည့် အချက်များအား နည်းဗျူဟာရေးဆွဲ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်၏တာဝန်များကို ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း(Code of conduct) ရေးဆွဲသွားရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် အမြင်ကျယ်ကျယ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဥပဒေရေးရာကိစ္စရပ်များတွင်လည်း နှံ့စပ်ကျွမ်းကျင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်တွင် အရည်အသွေးမြင့်မားသည့် မေးခွန်းနှင့်အဆိုများ မေးမြန်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပဗဟုသုတများ ပြည့်စုံကြွယ်ဝရန်လိုအပ်ပြီး လွှတ်တော်သို့ မေးမြန်းသည့် မေးခွန်းနှင့်အဆိုများသည် နိုင်ငံတော်က တရားဝင်ဖော်ပြသည့် အသုံးအနှုန်းဖြစ်ရန်ကိုလည်း သတိပြုရေးသားပြောဆိုဆွေးနွေးရမည်ဖြစ်ကြောင်း။

လွှတ်တော်သက်တမ်း နုနယ်သေးသည့်အတွက်လည်း လွှတ်တော်၏လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရှေ့တစ်ခုသို့ရောက်အောင် လိမ္မာပါးနပ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားစေရန်အတွက် မိမိတို့ပြည်သူ့လွှတ်တော်တွင် Know Parliament၊ See Parliament၊ Open Parliament အစီအစဉ်များ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးလွှတ်တော်အနေဖြင့်လည်း အခြေအနေအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အကြံပြုလိုကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို အထောက်အကူပြုရသည့် လွှတ်တော်ဝန်ထမ်းများအနေဖြင့်လည်း နည်းပညာတတ်ကျွမ်းမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို နားလည်တတ်ကျွမ်းပြီး အရည်အသွေးမြင့်မားသည့် ဝန်ထမ်းများဖြစ်စေရေး စဉ်ဆက်မပြတ် လေ့လာသင်ကြားနေရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအားလုံးက တက်ညီလက်ညီဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချို့ဦးက ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပရီးမီးယားလိဂ်ပွဲစဉ်(၇)တွင် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် အောက်တိုဘာ ၁၇**

ပရီးမီးယားလိဂ် ပွဲစဉ်(၇)တွင် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ အသီးသီးနိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက လီဗာပူးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ မန်စီးတီးအသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ ပွဲစဉ်တွင်လည်း မန်စီးတီးအသင်းက အစ်ဆွစ်ချ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၇) ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၁)နေရာ၊ လီဗာပူးအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၅)နေရာတို့တွင် ရပ်တည်ခဲ့ကြသည်။

**နိုင်ကမ္ဘာ**